# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်၊ အင်္ဂါနေ့။ Tuesday, 16 July 2024 ၁၁၅၂၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## လူ့အခွင့်အရေးကောင်စီအနေဖြင့် ဘက်မလိုက်ရေးအခြေခံမူများကို လိုက်နာဆောင်ရွက်ရန် မြန်မာနိုင်ငံက တောင်းဆို

ဂျီနီဗာမြို့တွင် ၁၈-၆-၂၀၂၄ ရက်မှ ၁၂-၇-၂၀၂၄ ရက်အထိ ကျင်းပခဲ့သည့် လူ့အခွင့်အရေးကောင်စီ၏ (၅၆)ကြိမ်မြောက် အစည်းအဝေးကာလအတွင်း မြန်မာနိုင်ငံဆိုင်ရာ ဆွေးနွေးပွဲများကို သက်ဆိုင်ရာနိုင်ငံမပါဝင်ဘဲ ကျင်းပခဲ့ပြီး ယင်းသည် ကောင်စီ၏ အခြေခံမူများဖြစ်သည့် အပြုသဘောဆောင်သည့် ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုစသည်တို့နှင့် သွေဖည်လျက်ရှိသည်။ လူ့အခွင့်အရေးကောင်စီသည် အစည်းအဝေးကာလအတွင်း အစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အိုအိုင်စီ)က တင်သွင်းသည့် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အဆိုကိုလည်း အတည်ပြုချမှတ်ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးက ပံ့ပိုးပေးရန် မေတ္တာရပ်ခံသည့် အချက်အလက်များအား ထောက်ပံ့ပေးခဲ့သော်လည်း မဟာမင်းကြီး၏ အစီရင်ခံစာနှင့် တင်ပြချက်တွင် လက်နက်ကိုင်အဖွဲ့များနှင့် အကြမ်းဖက်သမားများ၏ ပြောကြားချက်များကိုသာ အလေးပေးဖော်ပြခဲ့သည်။ ယင်းသည် လိုရာဆွဲဖော်ပြခြင်းဖြစ်ပြီး မဟာမင်းကြီး၏အစီရင်ခံစာအပေါ် ယုံကြည်မှုလျော့နည်းစေသည်။ တိုင်းရင်းသားအရေးနှင့်ဘာသာရေးဆိုင်ရာ တင်းမာမှုများဖြစ်စေသော အေအေအကြမ်းဖက်အဖွဲ့၏ဒေသခံလူထုအပေါ်ကြီးလေးသောကျူးလွန်မှုများအား အစီရင်ခံစာတွင် လျှော့ပေါ့ဖော်ပြထားသည်ကို တွေ့ရှိရသည်။ အစီရင်ခံစာသည် အစိုးရကို ဆန့်ကျင်သည့် အခြားလက်နက်ကိုင်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကိုလည်း လျှော့ပေါ့ဖော်ပြထားသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❒



ရန်ကုန်ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသည့် ကုန်သေတ္တာတင်သင်္ဘောကို တွေ့ရစဉ်။

# မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှုကို ကမ်းရိုးတန်းဆိပ်ကမ်းမှ ကွန်တိန်နာစနစ်ဖြင့် ကုန်သွယ်မှုစတင်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၅**

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးအတွက် နယ်စပ်ကုန်သွယ်ရေး နည်းလမ်းအသစ်တစ်ခုအဖြစ် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေး(ရန်ကုန်-ကော့သောင်း-ရနောင်း)နှင့် (ရနောင်း-ကော့သောင်း-ရန်ကုန်)ကို ကမ်းရိုးတန်းဆိပ်ကမ်းမှ ကွန်တိန်နာစနစ်ဖြင့် ကုန်သွယ်မှုဆောင်ရွက်ခွင့်ကို သက်ဆိုင်ရာဌာနများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ ၁/၂၀၂၄ ဖြင့် ထုတ်ပြန်အသိပေးထားကြောင်း သိရသည်။

**ခွင့်ပြုထား**

အဆိုပါ ကုန်သွယ်မှုနည်းလမ်းဖြင့် တင်ပို့၊ တင်သွင်းမှုများကို ဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၄ ခုနှစ် ဇူလိုင် ၈ ရက်အထိ ပို့ကုန်လိုင်စင် ၁၅ စောင် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄ သန်းကျော်ဖိုးနှင့် သွင်းကုန်လိုင်စင် ၅၉၈ စောင် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၆ သန်း ကျော်ဖိုးကို ခွင့်ပြုထားပြီးဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

**ယနေ့ ဖတ်စရာ**


၁၃၈၆ ခုနှစ်(၂၀၂၄ ခုနှစ်) (၃၁)ကြိမ်မြောက် အစိုးရနိကာယ စာမေးပွဲ အောင်စာရင်းထုတ်ပြန်မည့်နေ့ရက် ကြေညာ
စာမျက်နှာ » ၂

အမျိုးသားပြတိုက်(နေပြည်တော်) ကိုးနှစ်ပြည့်အထိမ်းအမှတ် မြန်မာ့ရက်ကန်း လက်မှုအနုပညာအထူးပြပွဲ ဖွင့်လှစ်ပြသ
စာမျက်နှာ » ၅

ပူးပေါင်းပါဝင်ကြခြင်းဖြင့် ပို၍ခိုင်မြဲသော အခင်းအကျင်းသစ်ဆီသို့ .....
ဆောင်းပါး စာမျက်နှာ » ၆

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့် ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း
စာမျက်နှာ » ၇

ကြေးမုံ

# သောင်းကျန်းသူများအား ဝိုင်းဝန်းတိုက်ဖျက်

မျက်မှောက်ကာလတွင် အကြမ်းဖက်သောင်းကျန်းသူများက မြို့ရွာများကို တိုက်ခိုက်ဖျက်ဆီးမှုများကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့ကြရသည်ကို တွေ့မြင်ကြားသိကြရမည်ဖြစ်သည်။ တိုက်ခိုက်ဖျက်ဆီးမှုများ မကြာခဏပြုလုပ်နေသောကြောင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ အခက်အခဲဒုက္ခများရောက်ကြရသည်။ အဆိုပါလုပ်ရပ်များကို လက်မခံနိုင်ကြသောကြောင့် ဒေသခံပြည်သူများနှင့် အဖွဲ့အစည်းများက ကန့်ကွက်ရှုတ်ချမှုများ ပြုလုပ်ကြသည်ကို တွေ့ရသည်။

မကြာသေးမီရက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်အတွင်းမှ တရားမဝင်လက်နက်ခဲယမ်းများ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်သို့ သယ်ဆောင်လာသူများကို အကြမ်းဖက်မှုမလိုလားသည့် ပြည်သူများ၏ လျှို့ဝှက်သတင်းပေးမှုအရ လက်နက်ခဲယမ်းများအား ဖမ်းဆီးရမိသည့်သတင်းကို တွေ့ရှိခဲ့ရသည်။ ယခင်ကလည်း ရှမ်းပြည်နယ်မှတစ်ဆင့် အခြားပြည်နယ်ဒေသများရှိ အကြမ်းဖက်သောင်းကျန်းသူများထံသို့ ပေးပို့မည့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိသည့်သတင်းများကိုလည်း ကြားသိခဲ့ရဖူးသည်။

ဖမ်းဆီးရမိသည့် လက်နက်ခဲယမ်းများသည် KIA လက်နက်ကိုင်အဖွဲ့များမှ ထုတ်လုပ်သည့် လက်နက်ခဲယမ်းများဖြစ်ကြောင်း စိစစ်တွေ့ရှိခဲ့သည်။ KIA လက်နက်ကိုင်သောင်းကျန်းသူများသည် နိုင်ငံတော်အစိုးရက အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော PDF အမည်ခံ အကြမ်းဖက်အဖွဲ့များထံသို့လည်းကောင်း၊ အခြားလက်နက်ကိုင်သောင်းကျန်းသူများထံသို့လည်းကောင်း လက်နက်ခဲယမ်းများနှင့် ဖောက်ခွဲရေးပစ္စည်းများ ထောက်ပံ့ကူညီပေးခြင်း၊ ရောင်းချပေးခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် ဖောက်ခွဲရေးနှင့် အကြမ်းဖက်သင်တန်းများပေး၍ နိုင်ငံတော်ကို အစဉ်တစိုက် နှောင့်ယှက်ဖျက်ဆီးနေသောအဖွဲ့ဖြစ်သည်။ အကြမ်းဖက်အဖွဲ့များနှင့် လက်နက်ကိုင်သောင်းကျန်းသူများသည် အစိုးရယန္တရား ပျက်ပြားစေရန် ရည်ရွယ်၍ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ အများပြည်သူပိုင် လမ်း၊ တံတား၊ အဆောက်အအုံများ ဖျက်ဆီးခြင်းများကို ပြုလုပ်လျက်ရှိသည်။

အကြမ်းဖက်သောင်းကျန်းသူများ၏ တိုက်ခိုက်ဖျက်ဆီးမှုကြောင့် အချို့မြို့ရွာများနှင့် လမ်း၊ တံတားပျက်စီးမှုများမှာ စိတ်မချမ်းမြေ့ဖွယ်ဖြစ်သည်။ ထို့ပြင် အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သော အများပြည်သူနေထိုင်ရာ မြို့ကြီးများကို အဝေးမှလက်နက်ကြီးများ၊ ဒရုန်းဗုံးများဖြင့် တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့ကြသည်။ လူမျိုးမတူသူ တိုင်းရင်းသားမျိုးနွယ်စုများအား ၎င်းတို့ထိန်းချုပ်ထားသည့် နယ်မြေဒေသအတွင်းမှ ခြိမ်းခြောက်နှင်ထုတ်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လူမဆန်စွာလုပ်ဆောင်လာကြသည်။

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းတစ်လျှောက်တွင် ရှေးပဝေသဏီကတည်းကပင် တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်ခဲ့ကြသည်။ နိုင်ငံအတွင်း မည်သည့်ဒေသတွင်မဆို အေးချမ်းစွာအတူနေထိုင်ခဲ့ကြသည်။ ယခုအခါ အကြမ်းဖက်သောင်းကျန်းသူများသည် ၎င်းတို့နယ်မြေအတွင်း၌ ၎င်းတို့နှင့် လူမျိုးမတူသူများကို ခြိမ်းခြောက်ခြင်း၊ ဖယ်ရှားခြင်းများပြုလုပ်ခဲ့ရာ ၎င်းတို့၏လုပ်ရပ်သည် လူမျိုးရေးအစွန်းရောက်သည့် လုပ်ရပ်သာဖြစ်သည်။ လူမျိုးရေးစိတ်ဓာတ်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖြိုခွဲဖျက်ဆီးလိုက်ခြင်းဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) တွင် “နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတနိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ နေထိုင်ခွင့်ရှိသည်”ဟူသည့်အချက်ကို အတိအလင်းချိုးဖောက်လိုက်ခြင်းဖြစ်သည်။

ယနေ့မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသည့် ပကတိအခြေအနေများကို နိုင်ငံတကာကလည်း မှန်မှန်ကန်ကန် သိရှိနိုင်ရန်လိုအပ်သည်။ စစ်ရေးပစ်မှတ်မဟုတ်သည့် အများပြည်သူနေထိုင်ရာဒေသများကို တိုက်ခိုက်ဖျက်ဆီးမှုများ၊ လွတ်လပ်စွာနေထိုင်ခွင့်ကို နှောင့်ယှက်ဖျက်ဆီးမှုများ၊ လူမဆန်စွာ အကြမ်းဖက်ရက်စက်သတ်ဖြတ်မှုများစသည်တို့ကို နိုင်ငံတကာက မှန်ကန်စွာသိရှိနိုင်ရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်၍ မည်သည့်လူမျိုးမဆို မည်သည့်ဒေသတွင်မဆို အတူတကွနေထိုင်ခွင့်ရှိသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းတွင် “လူတိုင်းတွင် မိမိ၏နိုင်ငံနယ်နိမိတ်အတွင်း၌ လွတ်လပ်စွာသွားလာနေထိုင်ခွင့်ရှိသည်” ဟူသည့်အချက်ကို လက်နက်ကိုင်သောင်းကျန်းသူများက ချိုးဖောက်လျက်ရှိသည်။

နိုင်ငံတကာတွင် ပဋိပက္ခဖြစ်ပွားနေသော အချို့ဒေသများ၌ အပြစ်မဲ့ပြည်သူများ ထိခိုက်ပျက်စီးနစ်နာမှုများရှိလျှင် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ရှုတ်ချကန့်ကွက်လျက်ရှိသည်ကိုတွေ့ရသည်။ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ၊ နိုင်ငံတကာဥပဒေများကို ချိုးဖောက်မှုများနှင့်ပတ်သက်၍ နိုင်ငံတကာက နှုတ်ဆိတ်နေသည်မှာ အဖြစ်မှန်ကို မသိရှိ၍သော်လည်းကောင်း၊ သတင်းမှားများကို လက်ခံထားသဖြင့်သော်လည်းကောင်း အကြောင်းတစ်ခုခုရှိမည်ဖြစ်၍ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် ပကတိဖြစ်စဉ်အခြေအနေမှန်များကို နိုင်ငံတကာက သိရှိပြီး တုံ့ပြန်နိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူများ၏ လူမဆန်သောလုပ်ရပ်များကို တိုင်းရင်းသားပြည်သူများ သိရှိကြုံတွေ့ခံစားနေကြရသဖြင့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များနှင့် ဆက်စပ်ပတ်သက်နေသောအဖွဲ့များကို တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက လက်မခံ၊ ဆန့်ကျင်၊ ကန့်ကွက်၊ ရှုတ်ချ၊ တိုက်ဖျက်ကြရမည်ဖြစ်ပါကြောင်း။ ။

# ၁၃၈၆ ခုနှစ်(၂၀၂၄ ခုနှစ်)(၃၁)ကြိမ်မြောက် အစိုးရနိကာယ်စာမေးပွဲ အောင်စာရင်းထုတ်ပြန်မည့်နေ့ရက် ကြေညာ

နေပြည်တော် ဇူလိုင် ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပပြီးစီးခဲ့သော ၁၃၈၆ ခုနှစ်(၂၀၂၄ ခုနှစ်)အစိုးရနိကာယ်စာမေးပွဲ အောင်စာရင်းကို ၁၃၈၆ ခုနှစ် ဝါဆိုလဆန်း(၁၂)ရက်၊ ၂၀၂၄ ခုနှစ် ဇူလိုင် ၁၇ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၆ နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့မှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၁၅

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင်FM၏ “ပြည်သူချင်းသတ်ဖြတ်ခဲ့လို့ တိုင်းပြည်ဒုက္ခရောက်ခဲ့ရတဲ့အတိတ်ကာလကို သင်ခန်းစာမယူနိုင်သေးသော အကြမ်းဖက်သမားများ”ခေါင်းစဉ်ဖြင့် ဇူလိုင် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက် ပေးသွားမည်ဖြစ်ပါသည်။

လာမည့်အပတ်ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီတွင် “မဟာမြိုင်လမ်းတွင် ပိတ်မိနေသည့် ကားသမားများနှင့် PDF အဖွဲ့ဝင်များ ပြဿနာဖြစ်ပြီး PDF များက ပစ်ခတ်ရာ ကားသမား နှစ်ဦးဒဏ်ရာရရှိပြီး ကားအချို့ ပျက်စီး၊ PDF တွေက ကားသမားရှစ်ဦးကို အဓမ္မဖမ်းဆီးနှိပ်စက်မှု”ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

# ဓာတ်ခွဲနမူနာစုစုပေါင်း ၄၅၄၈၇ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၁ ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ်သတင်းထုတ်ပြန်ချက်(၁၅-၇-၂၀၂၄)ရက်နေ့၊ ည(၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ(၇-၇-၂၀၂၄)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၁၄-၇-၂၀၂၄)ရက်နေ့၊ ည(၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၄၅,၄၈၇)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၄၁)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၉) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၅ - ၇ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၇၀၀ | ၈၅၈ | ၇,၃၉၆,၈၀၀ |
| MTSH | ၃,၃၅၀ | ၃,၃၅၀ | ၃,၉၅၁ | ၁၃,၂၃၅,၈၅၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၀ | ၀ |
| FPB | ၁,၇၀၀ | ၁,၆၅၀ | ၁,၀၅၀ | ၁,၇၃၅,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၀ | ၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၃၅၇ | ၆၀၆,၆၀၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၀ | ၀ |
| MAEX | ၃,၆၅၀ | ၃,၆၅၀ | ၁၁ | ၄၀,၁၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး ဒေါ်ခိုင်သန္တာရွှေ |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | | စာပြင် | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၊ ဓနုဖြူမြို့၊ ဇလွန်မြို့၊ လေးမျက်နှာမြို့၊ ဟင်္သာတမြို့နှင့် ပုသိမ်မြို့တို့ရှိ ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ဒုတိယဝန်ကြီး ဦးအောင်မြိုင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ ပန်းလှိုင်မြစ်ကမ်းပါး ရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေသည့် နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



**ပေါင်းစပ်ညှိနှိုင်းပေး**

ထိုသို့ကြည့်ရှုစဉ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးညွှန်ကြားမှုဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ယမန်နှစ်ကစပြီး သုံးနှစ်စီမံချက်ချမှတ်၍ အကောင်အထည်ဖော်ပြီးစီးမှု၊ ယခုဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ရေဘေးကာကွယ်ရေး လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေရန် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဓနုဖြူမြို့ ခံတပ်ဟောင်းနေရာအနီး၌ ဧရာဝတီမြစ်ရေမြင့်တက်လာသည့် အခြေအနေနှင့် ဆောင်ရွက်ထားရှိသည့် ကာကွယ်ရေးလုပ်ငန်းများ၊ ဇလွန်မြို့နယ် ဧရာဝတီမြစ်ကမ်းပါး ပြိုကျမှုများကာကွယ်ရန် မြေထိန်းနံရံ တည်ဆောက်နေသည့်လုပ်ငန်းများကိုစစ်ဆေးပြီး တည်ဆောက်ထားပြီးသည့် တာပေါင်များ၏ အခြေအနေကို မျက်ခြည်မပြတ် ကြည့်ရှုစစ်ဆေး၍ ဦးစားပေးအပိုင်းလိုက် လိုအပ်သည်များ ကြိုတင်စီမံဆောင်ရွက် နိုင်ရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟင်္သာတမြို့နယ် အိပ်ပျက်ကျေးရွာအုပ်စုအတွင်း ဧရာဝတီမြစ်ရေကြောင်းပြောင်းလဲမှုကြောင့် ရေတိုက်စားကမ်းပြို၍ ကျေးရွာနှင့် လယ်ယာမြေများ နှစ်စဉ်ဆုံးရှုံးမှုဖြစ်ပွားသည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဟင်္သာတခရိုင်နှင့် မြို့နယ်ရှိဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ရေစီးကြောင်းပြောင်းလဲမှုကြောင့် ကမ်းပါးများထပ်မံပြိုကျဆုံးရှုံးမှု မရှိအောင်ကာကွယ်နိုင်မည့် အကောင်းဆုံးနည်းလမ်းများဖော်ထုတ် စီမံဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စများကို ရင်းနှီးစွာဆွေးနွေးမှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟင်္သာတဘူတာမှ ခမောက်စုဘူတာအထိ RBE ရထားတွဲဖြင့် လိုက်ပါစီးနင်းကာ လမ်းပိုင်းအခြေအနေ၊ ရထားတံတားများနှင့် ဘူတာများ၏ အခြေအနေတို့ကို စစ်ဆေး၍ ခမောက်စုဘူတာမှ တစ်ဆင့် လေးမျက်နှာမြို့ ဧရာဝတီမြစ်ကမ်းအနီး သမိုင်းဝင် စတုမုခထူပါရုံစေတီတော်မြတ်ကြီး ဝေန်မြစ်ရေတိုက်စားမှုကြောင့် မြေပြိုပျက်စီးမှု ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းခွင်သို့ရောက်ရှိကာ ယမန်နှစ်က ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ယခုနှစ် ဆောင်ရွက်နေဆဲ လုပ်ငန်းအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ရှေးမူမပျက်ပြင်ဆင် ထိန်းသိမ်းရေးအတွက် လိုအပ်ချက်များကို ကြိုးပမ်းဆောင်ရွက်နိုင်ရေး မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခမောက်စုဘူတာမှ ပုသိမ်ဘူတာအထိ RBE ရထားဖြင့် ဆက်လက် စီးနင်းလိုက်ပါ၍ ရထားလမ်းတစ်လျှောက် သန့်ရှင်းသပ်ရပ်ရေး၊ ရထားလမ်းပိုင်းကြံ့ခိုင်ရေးနှင့် ရထားအမြန်နှုန်း ပိုမိုမြှင့်တင်နိုင်ရေး လိုအပ်ချက်များ မှာကြားသည်။

ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင်လည်း ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်မြို့ကမ်းနားလမ်းသို့ရောက်ရှိပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ကမ်းနဖူးသာယာလှပရေးနှင့် ပြည်သူလူထုအနားယူ အပန်းဖြေနိုင်ရေးလုပ်ငန်း အခြေအနေများကိုကြည့်ရှုကာ သန့်ရှင်းမှုကောင်းမွန်စေရေး၊ ကမ်းနဖူး၏အလှအပနှင့် လိုက်ဖက်ညီအောင် ဆိပ်ကမ်းတံတားများကိုလည်း လိုအပ်သလို မွမ်းမံပြင်ဆင်ရေး မှာကြားသည်။

**မှာကြား**

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဧရာရွှေဝါခန်းမဆောင်တွင် ပုသိမ်မြို့၌ တာဝန် ထမ်းဆောင်လျက်ရှိကြသော ဝန်ကြီးဌာနလက်အောက် ဌာနအဖွဲ့အစည်းများမှ တာဝန်ခံအရာရှိများ၊ ဝန်ထမ်းများအားတွေ့ဆုံ၍ နိုင်ငံ့ဝန်ထမ်းကောင်းများပီသစွာဖြင့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရေး၊ ဌာနအလိုက်ရုံးများ၊ အိမ်ရာများ၌ ဝန်ထမ်းများနှင့် မိသားစုများ၏ လိုအပ်ချက်များကိုသိရှိအောင် စစ်ဆေး၍ ဖြည့်ဆည်းပေးနိုင်ရေး၊ လုပ်ငန်းကျွမ်းကျင်မှုတိုးတက်လာအောင် လေ့ကျင့်ပေးရေး၊ ဌာနစာကြည့်တိုက်များတွင် ဘာသာရပ်ဆိုင်ရာ စာအုပ်စာတမ်းများထားရှိ၊ လေ့လာဖတ်ရှုမှီငြမ်းခြင်းဖြင့် ဝန်ထမ်းများ၏အတွေ့အကြုံ၊ ဗဟုသုတတိုးပွားစေရေး တို့ကိုမှာကြားကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာ လက်ဆောင်များ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၁၆-၂၀၁၇ ခုနှစ်ကာလ ကတည်းက ရပ်ဆိုင်းထားခဲ့သည့် ဘဲဂရက်-အိမ်မဲ-လှိုင်သာယာ စီမံကိန်းလမ်းပိုင်း တစ်လျှောက်ရှိ ဘူတာများ၏ အခြေအနေများ၊ တံတားများ၏အခြေအနေများ၊ သံလမ်းခင်းရန်ကျန်ရှိနေသည့် တာပေါင်နေရာများကို ကြည့်ရှုစစ်ဆေးပြီး ဘူတာ အဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များ ချို့ယွင်းပျက်စီးနေမှုကို မွမ်းမံထိန်းသိမ်းရေး၊ အစောင့်ဝန်ထမ်းများထားရှိရေး၊ ဆောက်လုပ်ပြီးစီးသည့် ရထားလမ်းများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် စီမံဆောင်ရွက်သွားရန် လိုအပ်ချက်များကိုမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅)၏ အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ



**မန္တလေး ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီး အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅)၏ အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီခွဲတွင် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅)၏ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းဆွေးနွေးပွဲတွင် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅)၏ဌာနမှူး ညွှန်ကြားရေးမှူး ဦးအောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်အောင်ဆွေက အခွန်ထမ်းကုမ္ပဏီလုပ်ငန်းရှင်များ သိသင့်သိထိုက်သည့် အခွန်ဆိုင်ရာအကြောင်းအရာများကို ပညာပေးရှင်းလင်းဆွေးနွေးခဲ့ရာ အခွန်ထမ်းကုမ္ပဏီလုပ်ငန်းရှင် စုစုပေါင်း ၁၄၀ ဦး တက်ရောက်ခဲ့ကြောင်းနှင့် အခွန်ဆိုင်ရာသိကောင်းစရာ လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။

**၂၂၂**

**○ မြန်မာ-ထိုင်းမှ**

လုပ်ငန်းစတင်ဆောင်ရွက်မှုအနေဖြင့် Gold Shipping Agency Services Limited ၏ ပထမသင်္ဘောဖြစ်သော MV. BEYPORE SULTAN (VOY-24001) သည် ဇွန် ၃၀ ရက်တွင် ရန်ကုန်မြို့ MIP ဆိပ်ကမ်းမှ ပြောင်းဖူးစေ့နှင့် သန့်စင်ပြီး သတ္တုများတင်ဆောင်၍ ထွက်ခွာခဲ့ရာ ကော့သောင်းကုန်သွယ်ရေးစခန်း၌ ဇူလိုင် ၈ ရက်တွင် စစ်ဆေးခံ၍ ရနောင်းသို့ ဆက်လက်ထွက်ခွာခဲ့ကြောင်းနှင့် ရနောင်းဆိပ်ကမ်းတွင် ကုန်ချခြင်း၊ သွင်းကုန်များကို တင်ဆောင်ခြင်းများပြုလုပ်၍ ဇူလိုင် ၁၀ ရက်တွင် ရနောင်းမှ ပြန်လည်ထွက်ခွာခဲ့သည်။

ထို့ပြင် Mawlamyine Century Logistics Co., Ltd (MCL)၏ ပထမသင်္ဘော (MCL 4 ) သည် ရန်ကုန်မြို့ TMT ဆိပ်ကမ်းမှ ပြောင်းဖူးစေ့၊ သန့်စင်ပြီး ခဲသတ္တုနှင့် အဝတ်အထည်များတင်ဆောင်၍ ဇူလိုင် ၁ ရက်တွင် စတင်ထွက်ခွာခဲ့ရာ ဇူလိုင် ၅ ရက်တွင် ကော့သောင်းကုန်သွယ်ရေးစခန်း၌ စစ်ဆေးခံပြီး ရနောင်းသို့ ဆက်လက်ထွက်ခွာကြောင်း၊ ရနောင်းဆိပ်ကမ်းတွင် ကုန်ချခြင်း၊ သွင်းကုန်များကို တင်ဆောင်ခြင်းများပြုလုပ်၍ ဇူလိုင် ၁၂ ရက်တွင် ကော့သောင်း Check Point သို့ ပြန်လည် ဝင်ရောက်ဆိုက်ကပ်ခဲ့သည်။

အဆိုပါသင်္ဘောပေါ် ပါရှိပစ္စည်းများကို နယ်စပ်ကုန်သွယ်မှု စစ်ဆေးကြီးကြပ်ရေးအဖွဲ့ (OSS)က သက်ဆိုင်ရာကဏ္ဍအလိုက် အဖွဲ့စုံဖြင့် စစ်ဆေးဆောင်ရွက်ခဲ့ရာ ပေ ၂၀ ကုန်သေတ္တာ ၅၆ လုံး၊ ပေ ၄၀ ကုန်သေတ္တာ နှစ်လုံး စုစုပေါင်း ကုန်သေတ္တာအရေအတွက် ၅၈ လုံး ပါရှိကြောင်းသိရှိရပြီး သင်္ဘောသည် ဇူလိုင် ၁၃ ရက်တွင် ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာသွားကာ ဒုတိယသင်္ဘော (MCL 9) သည်လည်း ဇူလိုင် ၁၅ ရက်တွင် ရန်ကုန်ဆိပ်ကမ်းမှ ကုန်တင်ဆောင်ခြင်းများပြုလုပ်၍ စတင်ထွက်ခွာခဲ့ကြောင်း သိရသည်။

မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှု (ရန်ကုန်-ကော့သောင်း-ရနောင်း)နှင့် (ရနောင်း-ကော့သောင်း-ရန်ကုန်)ကို ကမ်းရိုးတန်းဆိပ်ကမ်းမှ ကွန်တိန်နာသင်္ဘောနှစ်စင်းဖြင့် ကုန်သွယ်မှုဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်းနှင့် သင်္ဘောများဆက်လက်၍ ထွက်ခွာရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

❐ ရှေ့ဖုံးမှ

မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ၏ အစီရင်ခံတင်ပြချက်များသည် မြန်မာနိုင်ငံကို နိုင်ငံတကာအသိုက်အဝန်းကဖယ်ကြဉ်ရန် သိသာစွာဦးတည်ထားသည်။ အပြန်အလှန်ဆွေးနွေးပွဲတွင် အထူးအစီရင်ခံစာတင်သွင်းသူသည် အဖျက်အမှောင့်သတင်းမီဒီယာများ၊ တိုင်းရင်းသားလက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များနှင့် NUG နှင့် ဆက်နွှယ်သော အကြမ်းဖက် PDF အဖွဲ့များ၏ စွပ်စွဲမှုများနှင့် ပုံဖော်ပြောဆို ဝါဒဖြန့်မှုများကိုသာ သံယောင်လိုက် ပြောဆိုထားသည်။ အဆိုပါအကြမ်းဖက်အဖွဲ့အစည်းများကြောင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ်၊ ဇွန်လအထိ အပြစ်မဲ့အရပ်သား ၇,၈၀၀ ကျော် အသက်ဆုံးရှုံးခဲ့ပြီးဖြစ်သည်။ အထူးအစီရင်ခံစာတင်သွင်းသူသည် တရားမဝင်အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ရပ်များနှင့် ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်များကို ရှုတ်ချရမည့်အစား ယင်းအဖွဲ့အစည်းများနှင့် ထိတွေ့ဆောင်ရွက်ရန် နိုင်ငံတကာကို တိုက်တွန်းလျက်ရှိရာ၊ ပြည်သူအားလုံး၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန်အတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းမှုများကို အဟန့်အတားဖြစ်စေသည်။

အထူးအစီရင်ခံစာတင်သွင်းသူက ထုတ်ပြန်ထားသည့် တာဝန်မဲ့သော အစည်းအဝေးစာရွက်စာတမ်းများတွင် တရားဝင်ဘဏ်လုပ်ငန်းများသည် စစ်ရေးလှုပ်ရှားမှုများကို ထောက်ပံ့နေသယောင် လွဲမှားစွာ ဖော်ပြထားရာ၊ အထင်အမြင်လွဲမှားမှုများ နက်ရှိုင်းစွာဖြစ်ပေါ်စေသည်။ ယင်းစာရွက်စာတမ်းများတွင် မြန်မာပြည်သူများ၏ လူမှုစီးပွားဘဝအပေါ် ပြင်းထန်သော သက်ရောက်မှုများ ဖြစ်ပေါ်လာစေနိုင်သည်ကို လျစ်လျူရှုလျက် မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်ပိတ်ဆို့အရေးယူမှုများ ပြုလုပ်ရန် မျှတမှုကင်းမဲ့စွာ တောင်းဆိုထားသည်။

အိုအိုင်စီက မကြာသေးမီက တင်သွင်းခဲ့သည့် ဆုံးဖြတ်ချက်အဆိုအပါအဝင် ယခင်လူ့အခွင့်အရေးကောင်စီအစည်းအဝေးများ၌ ချမှတ်ခဲ့သော ဆုံးဖြတ်ချက်အဆိုအသီးသီးသည် ၂၀၁၇ ခုနှစ်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် စိတ်မချမ်းမြေ့ဖွယ်ဖြစ်ရပ်၏ အဓိကအကြောင်းရင်းကို ဖော်ပြရန်ပျက်ကွက်သည်။ ယင်းပျက်ကွက်မှုက အဆိုပါဆုံးဖြတ်ချက်အဆိုများသည် ပြဿနာအား အဓိပ္ပာယ်ရှိစွာ စိတ်ရင်းမှန်ဖြင့် ဖြေရှင်းရန် ရည်ရွယ်ချက်ကင်းမဲ့သည်ကို ပြသနေသည်။

အစိုးရသည် ၂၀၂၅ ခုနှစ်တွင် လွတ်လပ်ပြီးမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရန် ကြိုတင်ပြင်ဆင်လျက်ရှိကာ၊ နိုင်ငံတော်တည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အစိုးရအနေဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းများက မေတ္တာရပ်ခံသည့် ကွင်းဆင်းလေ့လာရေး၊ ခရီးသွားလာရေးနှင့် ဝန်ထမ်းများ နေရာရွှေ့ပြောင်းရေးတို့ကို အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတစ်နိုင်ငံတည်းအပေါ်ဦးတည်သည့် လုပ်ပိုင်ခွင့်များနှင့် ဆုံးဖြတ်ချက်အဆိုများ၊ ယင်းတို့၏ နောက်ဆက်တွဲ အပြန်အလှန်ဆွေးနွေးပွဲများသည် အပြုသဘောဆောင်သည့် ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများအတွက် အထောက်အကူမပြုသဖြင့် မြန်မာနိုင်ငံက အစဉ်တစိုက်ဆန့်ကျင်သည်။ မြန်မာနိုင်ငံက ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအနေဖြင့် အဖွဲ့ဝင်နိုင်ငံများနှင့် ထိတွေ့ဆက်ဆံရာတွင် ဘက်မလိုက်ရေးအခြေခံမူများကို ကျင့်သုံးရန်နှင့် နိုင်ငံ၏ အချုပ်အခြာအာဏာကို သေးသိမ်စေပြီး ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဒီမိုကရေစီလမ်းကြောင်းဖော်ဆောင်ရေးတို့အတွက် စစ်မှန်သည့် ကြိုးပမ်းမှုများကို ဟန့်တားခြင်းမပြုရန် တောင်းဆိုသည်။

လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးနှင့် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူတို့၏ အပြန်အလှန် ဆွေးနွေးပွဲများနှင့် အိုအိုင်စီက တင်သွင်းသည့် ဆုံးဖြတ်ချက်အဆိုတို့နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ တုံ့ပြန်ချက်အသီးသီးကို နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ဂျီနီဗာမြို့တို့၏ အင်တာနက်စာမျက်နှာများတွင် လေ့လာကြည့်ရှုနိုင်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်။**

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၅**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး Mr. Abhay Thakur ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ ဘဏ်နှင့် ငွေရေးကြေးရေး၊ နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် စပ်လျဉ်းသည့် ငွေပေးချေမှု၊ ချေးငွေ၊ နည်းပညာအကူအညီပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာသင်တန်းများ ပံ့ပိုးပေးနိုင်မှုကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**





## မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၅**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အိန္ဒိယ ရူပီး/မြန်မာကျပ် တိုက်ရိုက်ငွေပေးချေမှုနည်းလမ်းဖြင့် လက်ရှိဆောင်ရွက်နေသည့် ကုန်သွယ်မှုတွင် ပိုမိုအကျိုးရှိစေနိုင်သော ကိစ္စရပ်များနှင့် မြန်မာနှင့် အိန္ဒိယ နှစ်နိုင်ငံအကြား ကတ်စနစ်/မိုဘိုင်းပေးချေမှုဖြင့် ငွေပေးချေမှုလုပ်ငန်းများ ဆောင်ရွက်ရန် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၅**

ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းသည် ယနေ့နံနက်ပိုင်းတွင် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးရုံလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး ခွဲစိတ်ခန်းမဆောင်သစ် (OT Complex)သို့ ရောက်ရှိပြီး ခွဲစိတ်ခန်းသစ်များတွင် ခွဲစိတ်ကုသမှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးနှင့် ဆေးရုံအုပ်ချုပ်မှု အဖွဲ့ဝင်များ၊ ပါမောက္ခ/ဌာနမှူးများနှင့် ဌာနတာဝန်ခံများ၊ သူနာပြုအုပ်ကြီးနှင့် သူနာပြုများအား တွေ့ဆုံကာ လူနာများ သက်သောင့်သက်သာ စိတ်အေးချမ်းသာစွာဖြင့် ဆေးကုသမှုများ ခံယူနိုင်စေရေး၊ ဆေးရုံဥပဓိရုပ်ကောင်းမွန်စေရေး၊ ဆေးရုံသုံးပစ္စည်းနှင့် ဆေးကုသမှုဆိုင်ရာ စက်ပစ္စည်းများ သန့်ရှင်းကောင်းမွန်မှုနှင့် ခေတ်နှင့်အညီဖြစ်ရေး၊ လူနာများအား ဆေးနှင့်ဆေးပစ္စည်းများ ပိုမိုပံ့ပိုးပေးနိုင်ရန်အတွက် စီမံဆောင်ရွက်ရေး၊ အတွင်းလူနာကုသမှုနှင့် အထူးကုပြင်ပလူနာကုသမှုများကို အချိန်တိုးမြှင့်ကုသပေးနိုင်ရန် ဆောင်ရွက်သွားရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇူလိုင် ၁၅**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း (ဩရိဿတောင်ပိုင်းကမ်းလွန်)တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက် တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

**မိုး/ဇလ**

## မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၃ / ၂၀၂၄)
၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်
(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)

**မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်တိုးချဲ့ရပ်ကွက်၊ မဟော်ဂနီလမ်း၊ အမှတ် (၂/၂/၂၃၂) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ** ကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ (၅၀) ဖြစ်ပါသည်။

(ပုံ) ကိုကို
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ဝေန်မြစ်နှင့် တိုးမြစ်ရေကြီးခြင်းသတိပေးချက်

နေပြည်တော် ဇူလိုင် ၁၅

ယနေ့မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်အရ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့် (၁၈ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် တစ်ပေခန့် (၂၅ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မအူပင်မြို့နယ်နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

**မိုး/ဇလ**

## လေဖိအားနည်းရပ်ဝန်းအခြေအနေ

နေပြည်တော် ဇူလိုင် ၁၅

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း(ဩရိဿတောင်ပိုင်းကမ်းလွန်)တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

**မိုး/ဇလ**

## အမျိုးသားပြတိုက်(နေပြည်တော်) ကိုးနှစ်ပြည့်အထိမ်းအမှတ် မြန်မာ့ရက်ကန်းလက်မှုအနုပညာအထူးပြပွဲ ဖွင့်လှစ်ပြသ



နေပြည်တော် ဇူလိုင် ၁၅

အမျိုးသားပြတိုက်(နေပြည်တော်) ဖွင့်လှစ်ခြင်း ကိုးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် မြန်မာ့ရက်ကန်းလက်မှုအနုပညာ အထူးပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် အဆိုပါ ပြတိုက်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တက်ရောက်ဖွင့်လှစ်ပေးပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ဖွင့်လှစ်သည့် မြန်မာ့ရက်ကန်း လက်မှုအနုပညာအထူးပြပွဲ၌ မြန်မာ့ရိုးရာရက်ကန်းများ ရက်လုပ်ပုံအဆင့်ဆင့်နှင့် အချိတ်ဒီဇိုင်းများ၊ ပုဂံခေတ် နံရံဆေးရေးပန်းချီ ရေးဆွဲခဲ့သည့် အဝတ်စများ၊ ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်မှုပြ ရုပ်တု၊ ရုပ်လုံးများ၊ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးကြီး ရှစ်မျိုး၏ ဝတ်စားဆင်ယင်မှုများ၊ ကြာချည် ရက်လုပ်ပုံများ၊ Eco Print နှင့် ပြုလုပ်ထားသည့် အဝတ်အထည်များကို ပြသသွားမည်ဖြစ်ကြောင်း၊ အဆင့်အတန်းမြင့်မားခဲ့သည့် မြန်မာ့ရက်ကန်း လက်မှုအနုပညာ မတိမ်ကော မပပျောက်စေရန်၊ ပြည်သူလူထုအနေဖြင့် မိမိတို့နိုင်ငံ၏ ထုတ်ကုန်ပစ္စည်းများကို အားပေးကြရန်နှင့် မိမိတို့၏ ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်လိုစိတ်များ ဖြစ်ပေါ်လာကြစေရန်အတွက် ပြတိုက်များက ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက်ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အထူးပြပွဲ ပြသရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် အထူးပြပွဲအတွင်း ခင်းကျင်းပြသထားသည့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန၏ တူးဖော်တွေ့ရှိမှု အထောက်အထားများအရ မြန်မာနိုင်ငံတွင် လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင့်ငါးရာ-သုံးထောင်ခန့်က ပေါ်ထွန်းခဲ့သည့် ကြေးခေတ်၊ သံခေတ်ထွန်းကားခဲ့သည့် လူမျိုးစုအဖွဲ့အစည်းများတွင် ချည်ထည်များကို ရက်လုပ်သုံးစွဲခဲ့ကြသည့် အထောက်အထားများပြကွက်၊ ပျူခေတ်တွင်တွေ့ရှိရသော ဝတ်စားဆင်ယင်မှု အထောက်အထားများအရ ချည်ထည်ရက်လုပ်သုံးစွဲမှု တိုးတက်ထွန်းကားလာခဲ့သည့် အထောက်အထားများပြကွက်၊ ပုဂံခေတ် အဝတ်ပန်းချီများ၊ နံရံပန်းချီများမှ တွေ့ရှိရသော မြန်မာ့ရိုးရာ ချည်ထည်ရက်လုပ်သုံးစွဲမှု အဆင့်ဆင့် ပြကွက်များ၊ အချိတ်ဒီဇိုင်းများ၊ ကြာချည် ရက်လုပ်ပုံများ၊ စာစည်းကြိုးများ၊ ပျူခေတ်၊ ပုဂံခေတ်၊ ပင်းယ၊ အင်းဝနှင့် ရတနာပုံခေတ်အဆက်ဆက် ဝတ်စားဆင်ယင်မှုပြ ရုပ်တု၊ ရုပ်လုံးရုပ်ကြွများ၊ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးကြီးရှစ်မျိုးတို့၏ ဝတ်စားဆင်ယင်မှု ပြသထားသည့် ပြကွက်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အမျိုးသားပြတိုက်(နေပြည်တော်)ကို ၂၀၁၁ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် စတင်ဖွင့်လှစ်ပြသခဲ့သဖြင့် ယနေ့တွင် ကိုးနှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ အမျိုးသားပြတိုက်(နေပြည်တော်)တွင် အဆောင်ငါးဆောင် ပါဝင်ကာ ပြခန်း ၁၃ ခန်းကို အများပြည်သူအား ဖွင့်လှစ်ပြသလျက်ရှိကြောင်းနှင့် မြန်မာ့ရက်ကန်းလက်မှုအနုပညာ အထူးပြပွဲကို ဇူလိုင် ၁၆ ရက်မှ ၂၈ရက်အထိ အခမဲ့ ၁၀ရက်ကြာ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့် အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၁၅

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်သည် ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) သို့ ရောက်ရှိပြီး စက်ရုံမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် စက်ရုံမှူးက ခါးပြတ်မီးဖိုဖြင့် သံရည်ကျိုလုပ်ငန်းများ စမ်းသပ်ဆောင်ရွက်နေမှု၊ စက်မှုလုပ်ငန်းသုံး ရေရရှိရေးအတွက် ရေသန့်စင်နေမှု၊ ဆောင်ရွက်ရန်ကျန်ရှိသည့် စီမံကိန်းလုပ်ငန်းများအနက် ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် ပထမအဆင့်နှင့် ဒုတိယအဆင့် ရေတွန်းအလုပ်ရုံတို့၌ လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ရိုးလ်မက်နည်းစဉ်ဖြင့် ဆောင်ရွက်မည့် သံရည်ကျိုအလုပ်ရုံကို စက်တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အစိုးရအချင်းချင်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း၊ စက်တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေး လိုအပ်သော အထောက်အကူပြုပစ္စည်းများ ကြိုတင်ပြင်ဆင်ထားရန်၊ ရိုးလ်မက်နည်းစဉ်နှင့် ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ကြိုတင်လေ့လာထားရန်၊ လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး စီမံဆောင်ရွက်ကြရန်၊ ဝန်ထမ်းများအနေဖြင့် ကိုင်တွယ်မောင်းနှင်ရမည့် စက်ပစ္စည်းများကို ကျေညက်အောင် လေ့လာထားရန်၊ ရန်ပုံငွေများကို အလေအလွင့်မရှိအောင်နှင့် အကျိုးရှိအောင် သုံးစွဲနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပထမအဆင့် ရေတွန်းအလုပ်ရုံ၊ ဒုတိယအဆင့် ရေတွန်းအလုပ်ရုံ၊ ကျောက်မီးသွေးပြုပြင်ရေး အလုပ်ရုံ၊ ရေသန့်စင်အလုပ်ရုံနှင့် ဂါလန် ၄၆ သိန်းဆံ့ ရေကန်တို့အား သန့်ရှင်းရေးပြုလုပ်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ယမန်နေ့ နံနက်ပိုင်းက ရေသန့်စင်အလုပ်ရုံ၌ ဘွိုင်လာအတွက် အသုံးပြုမည့်ရေများ ထုတ်လုပ်နိုင်ရေးအတွက် စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စက်လည်ပတ်နိုင်ရေးအတွက် လိုအပ်သော အစီအစဉ်များ အချိန်မီ ပြီးစီးအောင်ရေးဆွဲရန်၊ သံရည်ကျို အလုပ်ရုံရှိ ကရိန်းများကို စမ်းသပ်မောင်းနှင်ရန်နှင့် သံရည်ကျိုမီးဖိုအတွင်း၌ မီးခံအုတ်များ တပ်ဆင်ခြင်းလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပူးပေါင်းပါဝင်ကြခြင်းဖြင့် ပို၍ခိုင်မြဲသော အခင်းအကျင်းသစ်ဆီသို့ .....

စွမ်းပြည့်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက လွှတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးမယ်လို့ ကမ္ဘာသိ၊ မြန်မာသိအကြိမ်ကြိမ် ကတိကဝတ်ပြုထားချက်ကို အလေးအနက်ထားပြီး ကျွန်တော်တို့ပြည်သူတစ်ရပ်လုံးက ကြိုဆိုလျက်ရှိပါတယ်။ ဒီမိုကရေစီနဲ့ သွားမယ်ဆိုရင် ရွေးကောက်ပွဲတွေဟာ အလွန်အရေးကြီးပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံတော်တာဝန်တစ်ရပ်အနေနဲ့ ခေတ္တထိန်းသိမ်းထားတဲ့ နိုင်ငံတော်အာဏာဆိုတာ သင့်လျော်မှန်ကန်တဲ့အချိန်တစ်ခုမှာ ပြည်သူ့လက်ထဲ ပြန်လည်လွှဲပြောင်းရောက်ရှိမည်သာဖြစ်ပါတယ်။

### အနာဂတ်ဒီမိုကရေစီအတွက် အခြေခံကျကျတည်ဆောက်နေမှုများ

ဒီမိုကရေစီစနစ်နဲ့သွားခဲ့တဲ့ နိုင်ငံတော်ကို ဒီမိုကရေစီစံနှုန်းတွေနဲ့အညီ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီဖြစ်ဖို့ အားထုတ်ကြိုးပမ်းနေရတဲ့ တပ်မတော်နဲ့ပါတီတွေ၊ အဖွဲ့အစည်းတွေ၊ နိုင်ငံချစ်စိတ်ရှိတဲ့ ပြည်သူတွေရှိနေသမျှ ရွေးကောက်ပွဲကြီးဟာ အမှန်တကယ် ဖြစ်မြောက်လာမှာပါ။

ဖောက်ပြန်တဲ့ဒီမိုကရေစီနေရာမှာ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစံနှုန်းတွေ နေရာယူနိုင်မှသာ အနာဂတ်ဒီမိုကရေစီဟာ စိတ်ချရမှာဖြစ်ပါတယ်။ ဒီမိုကရေစီစစ်စစ်ဆိုတာ အနည်းစု၊ အများစုဆိုပြီး လစ်ဟာမှုမရှိ၊ အားလုံးကို ကိုယ်စားပြုနိုင်မှသာ စစ်မှန်တဲ့ဒီမိုကရေစီဖြစ်ပါမယ်။ နိုင်ငံမှာလက်ရှိဖြစ်ပေါ်နေတဲ့ အကြမ်းဖက်ဖြစ်စဉ်တွေကြောင့်သာ ဒီမိုကရေစီဟာ ဆုတ်ယုတ်နေခြင်းဖြစ်တယ်ဆိုတာ ပြည်သူအများစုကြီးက သိနေကြပါပြီ။

တပ်မတော်က မတူညီမှုများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်အောင် ဆောင်ရွက်ပေးနေပါတယ်။ မိမိနိုင်ငံရဲ့အခြေအနေတွေနဲ့ ကိုက်ညီတဲ့ ဒီမိုကရေစီပုံစံဖြစ်ဖို့လည်း လိုအပ်တဲ့အပြင် ဒီမိုကရေစီကို အသက်ဝင်စေမယ့် မဲစာရင်းမှန်ကန်ရေးလို တန်းတူညီမျှပြီး ယုံကြည်စိတ်ချရတဲ့ ရွေးကောက်ပွဲတစ်ခုဖြစ်ဖို့ အခြေခံကောင်းတွေကိုလည်း တည်ဆောက်ပေးနေရပါတယ်။ လူနည်းစုအမြင်တွေကို ပိုမိုထင်ဟပ်နိုင်ပြီး မဏ္ဍိုင်အားလုံးမှာ တိုင်းရင်းသားတွေကို ပိုမိုကိုယ်စားပြုလာနိုင်မယ့် ဖက်ဒရယ်အခွင့်အလမ်းများကိုလည်း စတင်ဖန်တီးပေးနေပါတယ်(ယခင်ကဖက်ဒရယ်အခွင့်လမ်းများရှိခဲ့ရဲ့လားဆိုတာကို လုပ်ရပ်တွေနဲ့တကွ ပြန်လည်ဆန်းစစ်စေလို့)။ အနာဂတ်နိုင်ငံအရေးမှာ ထိခိုက်မှုအနည်းဆုံးဖြစ်အောင် တာဝန်ယူနေပြီလည်းဖြစ်နေတယ်။ တစ်နည်းအားဖြင့် ရွေးကောက်ပွဲမှတစ်ဆင့် စွန့်စားရနိုင်ခြေနည်းပြီး သီအိုရီထက် ပိုပြီး လက်တွေ့ကျတဲ့ နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်ဖြစ်ထွန်းဖို့ အခြေခံကောင်းတွေကို အချိန်တစ်ခုယူတည်ဆောက်နေရခြင်းသာ ဖြစ်ပါတယ်။

### တည်ငြိမ်အေးချမ်းရေးကသာ အဓိကဖြစ်

အရေးကြီးဆုံးအချက်က လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးမှုပါပဲ။ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးနေမှုများဟာ ရွေးကောက်ပွဲအတွက် အဓိကအဟန့်အတားတစ်ခုဖြစ်နေသလို အနာဂတ်မြန်မာ့နိုင်ငံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးများအတွက်လည်း ကြီးမားတဲ့ စိန်ခေါ်ချက်ကြီးဖြစ်နေပါတယ်။

လုံးဝ အတွက်မှားလို့မရတဲ့ အခြေအနေမှာ တပ်မတော်ကတော့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို လုပ်နိုင်မယ့်ဒေသ၊ လုပ်နိုင်မယ့်အခြေအနေတွေအောက်မှာ လုပ်ပေးဖို့ တိကျသေချာတဲ့ တာဝန်ယူ၊ တာဝန်ခံမှုပါတဲ့ ကတိစကားကို ပေးခဲ့ပြီးပါပြီ။ ယခင်ကအကြားအလပ်မရှိ၊ ယခုအခြေအနေမှာတော့ လုပ်နိုင်မယ့်ဒေသ အခြေအနေပေါ်မူတည်ပြီး အပိုင်းလိုက်ခွဲပြီး လုပ်သွားမယ့်သဘောဖြစ်ပါတယ်။ အခြေအနေချင်းက မတူတဲ့အတွက် လုပ်နိုင်တာကို စလုပ်မယ့်သဘောပါ။ ရွေးကောက်ပွဲဝင်မယ့်ပါတီတွေ၊ ကိုယ်စားလှယ်တွေ၊ ဝန်ထမ်းတွေ၊ မဲပေးမယ့်ပြည်သူတွေ ခြိမ်းခြောက်မှုကင်းကင်း၊ ဖိအားကင်းကင်းနဲ့ လုပ်နိုင်မယ့်အခြေအနေအောက်မှာပဲ လုပ်ပေးသွားမယ့် စေတနာအရင်းခံသာဖြစ်ပါတယ်။

ခရီးရှည်ကြီးတစ်ခုသွားဖို့ ရည်မှန်းချက်တစ်ခုရောက်ဖို့ ပထမခြေလှမ်းတစ်လှမ်း စတင်လှမ်းလိုက်ခြင်းပါပဲ။ ဘယ်အရာမဆို တစ်ဆင့်ပြီးတစ်ဆင့်သွားဖို့ရန် ပထမတစ်ဆင့်ဟာ အရေးကြီးဆုံးဖြစ်ပါတယ်။ လုံခြုံရေးအရ လူထုနဲ့တိုက်ရိုက်ထိတွေ့ခွင့် ကင်းပိန်းနေရာမှာ လူထုကို အွန်လိုင်းကတစ်ဆင့် ထိတွေ့ရတာမျိုး၊ မီဒီယာပလက်ဖောင်းကနေ ဆက်ဆံရခြင်းမျိုးတွေကို ထိထိရောက်ရောက်လုပ်နိုင်အောင် ကြိုတင်စဉ်းစားထားရမှာဖြစ်ပါတယ်။ ဒါကလည်း ရွေးကောက်ပွဲကိုမလိုလား၊ ဒီမိုကရေစီကိုကျောခိုင်းနေကြတဲ့ အကြမ်းဖက်သမားတွေကြောင့်ပဲဖြစ်ပါတယ်။

### ရွေးကောက်ပွဲ ထိုမှတစ်ဆင့် လွှတ်တော်နဲ့အစိုးရ

စိုးရိမ်မှုမလွန်ကဲဖို့လည်း လိုပါတယ်။ စိုးရိမ်တိုင်းသာ ရွေးကောက်ပွဲမလုပ်ကြေးဆိုရင် ယခင်ကိုဗစ် – ၁၉ ကို ခက်ခက်ခဲခဲထိန်းချုပ်နေရတဲ့ကာလအတွင်း ၂၀၂၀ ရွေးကောက်ပွဲပင် ဖြစ်လာစရာအကြောင်း ရှိမှာမဟုတ်ပါဘူး။ ရွေးကောက်ပွဲလုပ်ပေးပြီး နိုင်ငံတော်တာဝန် ပြန်လည်လွှဲပြောင်းပေးဖို့ကို တပ်မတော်က လမ်းပြမြေပုံနဲ့တကွ အစကတည်းက သွားနေတာဖြစ်ပါတယ်။

ခေတ်အဆက်ဆက် တစ်ပါတီတည်းကပဲ လွှမ်းမိုးအုပ်ချုပ်တဲ့ ပုံစံကနေသွေဖည်ပြီး PR စနစ်ကျင့်သုံးဖို့လည်း အများသဘောတူ ဆုံးဖြတ်ပြီးဖြစ်ပါတယ်။ ဆက်လက်အသက်ဝင်နေဆဲ ဖွဲ့စည်းပုံအခြေခံဥပဒေအရလည်းဖြစ်ပါတယ်။ ရွေးကောက်ပွဲကော်မရှင်ကလည်း လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ဖို့ အရည်အချင်းရှိတဲ့ပါတီတွေ၊ ကိုယ်စားလှယ်တွေ ထွက်ပေါ်လာဖို့ အစဉ်မပြတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဥပဒေအရ လွှတ်တော်အစည်းအဝေး အထမြောက်စေမယ့် အခြေအနေကောင်းတွေကိုလည်း ခန့်မှန်းလို့ ရနိုင်လေဓာက်ပါတယ်။

ရွေးကောက်ပွဲရှိမှ ရွေးကောက်ပွဲရလဒ်နဲ့အတူ ဥပဒေပြုလွှတ်တော်ဆိုတာဖြစ်လာမယ်၊ ထိုမှတစ်ဆင့် အစိုးရတစ်ရပ်ဆိုတာ ဖြစ်လာမှာကိုး.. လွှတ်တော်ရှိမှသာ ပြင်စရာရှိတာ ပြင်နိုင်မယ်၊ ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။ စီးပွားရေး၊ လူမှုရေး၊ ပညာရေးစတဲ့ ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို ပိုပြီးဖြည့်ဆည်းလာနိုင်မှာဖြစ်သလို အားလုံးနဲ့ဆိုင်တဲ့ မျှော်လင့်ချက်တွေဟာလည်း ပြည့်ဝလာမှာဖြစ်ပါတယ်။ ပြည်သူတွေခံစားနေရတဲ့ ဒုက္ခ၊ အနိဋ္ဌာရုံတွေဟာလည်း ရွေးကောက်ပွဲနဲ့အတူ လျော့ပါးသွားမှာဖြစ်ပါတယ်။

### တပ်မတော်အတွက် ထွက်ပေါက်မဟုတ်ပါ

တပ်မတော်ဟာ ပြည်တွင်းလက်နက်ကိုင်အဖျက်သမားများစွာရဲ့ စစ်ရေးထိုးနှက်ချက်တွေကို ကြံ့ကြံ့ခံရင်ဆိုင်ရင်း တစ်ဖက်က ပြည်သူတွေတိုင်းရင်းသားတွေလိုချင်တဲ့ ရွေးကောက်ပွဲ၊ ဖက်ဒရယ်ဒီမိုကရေစီစနစ်နဲ့ လူမှုစီးပွားဘဝလိုလားချက်တွေကို ဖြည့်ဆည်းနိုင်ဖို့ အပြင်းအထန်ကြိုးစားနေရပါတယ်။ တစ်နည်းအားဖြင့် တည်ငြိမ်အေးချမ်းရေးနဲ့ ရွေးကောက်ပွဲကို သဟဇာတဖြစ်နေအောင် စွန့်စားထမ်းရွက်နေခြင်းပါပဲ။ မူလအန္တိမရည်မှန်းချက်က ပြည်သူများအကြားအလပ်မရှိ မဲပေးနိုင်ရေး ဖြစ်ခဲ့ပေမယ့် အကြမ်းဖက်စစ်ရေးထိုးနှက်ချက်တွေကြောင့်နဲ့ အချုပ်အခြာအာဏာအပေါ် ဆိုးကျိုးသက်ရောက်မှုတွေကြောင့် မဲပေးနိုင်မယ့် ဧရိယာဟာ ထိခိုက်လျော့နည်းလာတဲ့အခြေအနေတွေဖြစ်လာရပါတယ်။

ဒီမိုကရေစီကို ကြောက်လန့်ပြီး ရွေးကောက်ပွဲမလိုလားတဲ့ လက်နက်ကိုင်တွေရဲ့ ရည်ရွယ်ချက်ဟာ စစ်ရေးအရ အကြမ်းဖက်တိုက်ခိုက်ပြီး ရွေးကောက်ပွဲများ ဖြစ်ပေါ်မလာရေးပါပဲ။ နိုင်ငံရေးနည်းအရရှေ့ရှည်သွားနိုင်မယ့်နည်းလမ်းကို စစ်ရေးနည်းလမ်းသာအားပြုတတ်တဲ့ ပညာမဲ့တွေထက် တပ်မတော်က ပိုသိပါတယ်။ ရန်သူဖြစ်စေချင်တဲ့အတိုင်း မဖြစ်အောင် တတ်နိုင်သမျှထိန်းချုပ်ပြီး တပ်မတော်အနေနဲ့က အခြေခံဥပဒေမူဘောင်၊ NCA မူဘောင်အတွင်းကပဲ တည်ငြိမ်အေးချမ်းတဲ့ဒေသတွေ တိုးသည်ထက်တိုးလာအောင်နဲ့ လုံခြုံစိတ်ချရတဲ့ဝန်းကျင်တွေ တိုးတက်ဖြစ်ပေါ်လာအောင် ကြိုးစားထမ်းဆောင်နေရတဲ့ အခြေအနေအားလုံးကို လက်ရှိတွေ့မြင်ရမှာဖြစ်ပါတယ်။

နောက်တစ်ချက်က တချို့သူတွေ စွပ်စွဲသလို ရွေးကောက်ပွဲဟာ တပ်မတော်အတွက် ထွက်ပေါက်မဟုတ်ဘူးဆိုတဲ့ အချက်ပါပဲ။ လုံးဝမဖြစ်နိုင်တဲ့ ယူဆချက်ပါ။ တပ်မတော်က ရွေးကောက်ပွဲလုပ်ပေးမယ်ဆိုတဲ့ ကတိကဝတ် ပိုမိုခိုင်မာလာတာနဲ့အမျှ ပြည်သူလူထုရဲ့မျှော်လင့်ချက်နဲ့လည်း တစ်စထက်တစ်စ ပိုမိုနီးစပ်လာတာတွေ့ရပါတယ်။ ပြည်သူဘက်က တပ်မတော်ရဲ့တာဝန်ယူမှုအပေါ် ပိုပြီးယုံကြည်လာကြတယ်။ နိုင်ငံအတွက်၊ ပြည်သူအားလုံးအတွက် နိုင်ငံရေးထွက်ပေါက်ကို တပ်မတော်က ဖန်တီးပေးနေခြင်းသာဖြစ်တယ်။ ပြယုဂ်ကောင်းရုံမဟုတ် အနှစ်သာရရှိသော ရွေးကောက်ပွဲသာဖြစ်လိုတယ်။

ရွေးကောက်ပွဲဖြစ်မလာရင်သာ နိုင်ငံအခြေအနေဟာ ယခုထက်ပိုမိုဆိုးရွားသွားနိုင်ခြေရှိတာကို ပညာရှိသူတိုင်း မြင်နိုင်ပါတယ်။ ပြည်သူတွေဘက်ကသာ အဖျက်သမားတွေရဲ့ အပြောနဲ့လုပ်ရပ်အပေါ်မှာ တွေဝေမသွားဘဲ ရွေးကောက်ပွဲကသာ ငါတို့မျှော်လင့်ချက်၊ ငါတို့မျိုးဆက်တွေရဲ့အနာဂတ်၊ နိုင်ငံအတွက် ထွက်ပေါက်တစ်ခုအဖြစ် ယုံကြည်ကြစေလိုပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲကြီးဖြစ်မြောက်ဖို့ တပ်မတော်နဲ့ပူးပေါင်းပါ၊ စိန်ခေါ်မှုတွေ အခက်အခဲတွေလည်း မရှိမဟုတ်ရှိပါတယ်။ ရှိသော်လည်း စေတနာမှန်မှန်နဲ့ ပူးပေါင်းဆောင်ရွက်မှု အားကောင်းမယ်ဆိုရင် အားလုံးအတွက် သင့်လျော်မှန်ကန်တဲ့ ရွေးကောက်ပွဲနေ့ရက်တွေက မလွဲကေန် ပြည်သူ့ထံရောက်ရှိလာမှာပဲဖြစ်ပါတယ်။

သို့ပေမယ့် လက်ရှိအချိန်ထိတော့ တည်ငြိမ်အေးချမ်းပြီး လုံခြုံစိတ်ချရတဲ့ဝန်းကျင်ဖြစ်ဖို့ အာမခံချက်တွေဟာ စိန်ခေါ်မှုတွေအပြည့်နဲ့ ရှိနေဆဲပါ။ ကြိုးစားရင်ဆိုင်ရင်းနဲ့ပဲ တစ်ခုပြီးတစ်ခု တစ်ဆင့်ပြီးတစ်ဆင့် ဖြေရှင်းသွားမှာဖြစ်တယ်လို့ ကတိပေးပါတယ်။ ဘယ်လိုအသွင်ကူးပြောင်းမှုမျိုးမှာမဆို ဒရောသောပါးမလုပ်ဘဲ တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျသွားတာက ပိုခိုင်မြဲတယ်။ ပိုပြီးရင့်ကျက်မှုလည်းရှိမယ်ဆိုတာ ကျွန်တော်တို့ ပြည်သူတွေလည်း သင်ခန်းစာရသင့်သလောက်ရပြီးပါပြီ။

တစ်ခုပါပဲ။ လိုအပ်တာက ပြည်သူအားလုံး ဝိုင်းဝန်းပူးပေါင်းပါဝင်ပေးဖို့ပါပဲ။ နိုင်ငံရေးဆိုတာထက် မိမိတို့ရဲ့ စားဝတ်နေရေး မနည်းလုံးပန်းနေရတဲ့ ပြည်သူလူထုအတွင်းမှာ ဒီမိုကရေစီအမြစ်တွယ်အောင် လုပ်ပေးနိုင်မယ့် အခွင့်အလမ်းကို မနားတမ်းဖမ်းယူဆုပ်ကိုင်ကြပါလို့ မေတ္တာရပ်ခံပါတယ်။ ပြည်သူတွေအနေနဲ့ မိမိတို့ရဲ့စိတ်ရင်းဆန္ဒအမှန်ကို ဖော်ထုတ်နိုင်ခွင့် အခွင့်အရေးဟာ ရွေးကောက်ပွဲကလွဲ၍ အခြားမရှိပါဘူး။

ဘာပဲဖြစ်ဖြစ် မချောမွေ့လှတဲ့ မြန်မာ့နိုင်ငံရေးခရီးလမ်းကို အမြန်ချောမွေ့စေလိုတယ်။ နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေချင်တယ်၊ ငြိမ်းချမ်းသာယာဝပြောစေလိုတယ်၊ စည်းလုံးညီညွတ်စေချင်တယ်ဆိုရင် ယခု တပ်မတော်က ခင်းပေးထားတဲ့ အခင်းအကျင်းမှာ အတူပူးပေါင်းပါဝင်ကြဖို့လိုပါတယ်။ ပါတီတွေ၊ အဖွဲ့အစည်းတွေကလည်း အများအတွက်၊ ပြည်သူအတွက်၊ နိုင်ငံအတွက်ဆိုတဲ့ ခံယူချက်နဲ့အတူ အန္တရာယ်ကို အတူရင်ဆိုင်ကျော်လွှားကြရပါမယ်။ ပြည်သူအတွက် တာဝန်ထမ်းရမယ်။ ပါတီနိုင်ငံရေးထက် နိုင်ငံ့အရေးအတွက်ဆိုတဲ့ ခံယူချက်နဲ့ အန္တရာယ်ကိုရင်ဆိုင်ခြင်း၊ စွန့်စားမှုပြုခြင်းက အရည်အချင်းနဲ့ သတ္တိရှိသူများအတွက်သာလျှင် ဖြစ်ပါတယ်။ ။

> **“တပ်မတော်က မတူညီမှုများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်အောင် ဆောင်ရွက်ပေးနေပါတယ်။ မိမိနိုင်ငံရဲ့အခြေအနေတွေနဲ့ ကိုက်ညီတဲ့ ဒီမိုကရေစီပုံစံဖြစ်ဖို့လည်း လိုအပ်တဲ့အပြင် ဒီမိုကရေစီကို အသက်ဝင်စေမယ့် မဲစာရင်းမှန်ကန်ရေးလို တန်းတူညီမျှပြီး ယုံကြည်စိတ်ချရတဲ့ ရွေးကောက်ပွဲတစ်ခုဖြစ်ဖို့ အခြေခံကောင်းတွေကိုလည်း တည်ဆောက်ပေးနေရပါတယ်။ လူနည်းစုအမြင်တွေကို ပိုမိုထင်ဟပ်နိုင်ပြီး မဏ္ဍိုင်အားလုံးမှာ တိုင်းရင်းသားတွေကို ပိုမိုကိုယ်စားပြုလာနိုင်မယ့် ဖက်ဒရယ်အခွင့်အလမ်းများကိုလည်း စတင်ဖန်တီးပေးနေပါတယ်”**

> **“ရွေးကောက်ပွဲဖြစ်မလာရင်သာ နိုင်ငံအခြေအနေဟာ ယခုထက်ပိုမိုဆိုးရွားသွားနိုင်ခြေရှိတာကို ပညာရှိသူတိုင်းမြင်နိုင်ပါတယ်။ ပြည်သူတွေဘက်ကသာ အဖျက်သမားတွေရဲ့အပြောနဲ့လုပ်ရပ်အပေါ်မှာ တွေဝေမသွားဘဲ ရွေးကောက်ပွဲကသာ ငါတို့မျှော်လင့်ချက်၊ ငါတို့မျိုးဆက်တွေရဲ့အနာဂတ်၊ နိုင်ငံအတွက် ထွက်ပေါက်တစ်ခုအဖြစ် ယုံကြည်ကြစေလိုပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲကြီးဖြစ်မြောက်ဖို့ တပ်မတော်နဲ့ပူးပေါင်းပါ၊ စိန်ခေါ်မှုတွေ အခက်အခဲတွေလည်း မရှိမဟုတ်ရှိပါတယ်။ ရှိသော်လည်း စေတနာမှန်မှန်နဲ့ ပူးပေါင်းဆောင်ရွက်မှု အားကောင်းမယ်ဆိုရင် အားလုံးအတွက် သင့်လျော်မှန်ကန်တဲ့ရွေးကောက်ပွဲနေ့ရက်တွေက မလွဲကေန် ပြည်သူ့ထံရောက်ရှိလာမှာပဲဖြစ်ပါတယ်။”**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း

(၁၅-၇-၂၀၂၄)၊ ည (၈:၀၀)နာရီ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါ လက္ခဏာများဖြင့် လူနာအချို့ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ (၁၄-၇-၂၀၂၄) ရက်နေ့ ည (၆:၀၀)နာရီမှ (၁၅-၇-၂၀၂၄)ရက်နေ့ ည (၆:၀၀)နာရီအထိ (၂၄) နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာသစ် (၉၆)ဦးရှိခဲ့ပြီး ၎င်းတို့အနက် (၁၃)ဦးမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူ လူနာများဖြစ်ကြောင်းနှင့် လူနာအားလုံး၏ အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ (၁၅-၇-၂၀၂၄)ရက်နေ့တွင် ရောဂါသက်သာပျောက်ကင်းသည့်လူနာ (၈၂)ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့သဖြင့် (၁၅-၇-၂၀၂၄)ရက်နေ့ ညနေ (၆:၀၀)နာရီအထိ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ခဲ့သောလူနာ စုစုပေါင်း (၆၁၃)ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆက်လက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဇူလိုင် ၁၅**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန် ဦးညီညီ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ဒေါပုံမြို့နယ်၊ သာကေတမြို့နယ်နှင့် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဦးစွာ မြို့တော်ဝန်နှင့် အဖွဲ့သည် ဒေါပုံမြို့နယ် သဲကွင်းစုရပ်ကွက်သို့ ရောက်ရှိပြီး ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရပ်ကွက်အတွင်း၌ အများသုံး သန့်စင်ခန်း ငါးခန်းတွဲနှစ်လုံး တည်ဆောက်ထားရှိမှု၊ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ရေဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် ရေများပေးဝေနေမှုကို ကြည့်ရှုကာ ရေစည်ရေကန်များ ကလိုရင်းဆေးများ ခတ်ထားရန်နှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်နိုင်ရန် ဆောင်ရန်/ရှောင်ရန်များကို လိုက်နာဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ်တို့ကို ရေပေးဝေနေသည့် ဇရာဝဏ်ရေပေးဝေရေးစခန်း(၁)သို့ လည်းကောင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုရှိသည့် အနော်မာရပ်ကွက်သို့ လည်းကောင်း သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ရပ်ကွက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေနှင့် ရေအရည်အသွေး အပြည့်အဝရရှိရေး၊ ယင်နားစာများ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်နှင့် ရေသယ်ယာဉ်များဖြင့် ရပ်ကွက်အတွင်း ရေဖြန့်ဖြူးပေးရန် ကိစ္စရပ်များကို ဆွေးနွေးမှာကြား၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့ပြင် မြို့တော်ဝန်နှင့်အဖွဲ့သည် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ လှိုင်သာယာမြို့နယ် ဆေးရုံအုပ်ကြီး၊ မြို့နယ်ကျန်းမာရေး ဦးစီးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်နေပြည်သူများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်နိုင်ရေး လုပ်ငန်းများကို ဌာနများ အချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်၊ အများသုံး သန့်စင်ခန်းများ၌ အသုံးပြုသည့်ရေများ၊ ဆပ်ပြာများကို သန့်ရှင်းမှုရှိစေရေး ဆောင်ရွက်ရန်၊ ဈေးများ၌ သန့်ရှင်းသော အစားအသောက်များ ရောင်းချရန်၊ တစ်ကိုယ်ရေသန့်ရှင်းမှုကို အလေးထားဆောင်ရွက်ရေး အသိပေးဗီနိုင်းများ ချိတ်ဆွဲရန်၊ ကျန်းမာရေးကောင်းမွန်မှုမရှိပါက သက်ဆိုင်ရာသို့ အကြောင်းကြားရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ဆောင်ရွက်ထားရှိရန်ကိစ္စရပ်များကို ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## သန်လျင်မြို့နယ်နှင့် ခရမ်းမြို့နယ်တို့တွင် ရေသန့်စင်စက် တပ်ဆင်ထားသောကားများဖြင့် သောက်ရေသန့် ပေးဝေခြင်း ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၁၅**

ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားလျက်ရှိသော မြို့နယ်အချို့တွင် သောက်ရေသန့်ရရှိရေး အထူးစီမံချက်ဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ သန်လျင်မြို့နယ်နှင့် ခရမ်းမြို့နယ်တို့တွင် ရေသန့်စင်စက် တပ်ဆင်ထားသော ကားများဖြင့် ရေထွက်ပင်ရင်းမှ ရေကို တိုက်ရိုက်စုပ်ယူကာ Ceramic Membrane Filtration System ကို အသုံးပြု၍ စနစ်တကျ သန့်စင်ပေးပြီး သောက်သုံးရန်အတွက် အသင့်ဖြစ်သော သောက်ရေသန့် ပေးဝေခြင်းကို ဆောင်ရွက်လျက်ရှိသည်။

သောက်ရေသန့်ပေးဝေခြင်းကို ဇူလိုင် ၁၃ ရက်တွင် ခရမ်းမြို့နယ် (၇)ရပ်ကွက် (၉)ရပ်ကွက်၊ (၁၀) ရပ်ကွက်ရှိ ရပ်ကွက် ရေလှောင်ကန်များမှ ရေဂါလန် ၉၅၀ ရယူသန့်စင်ပြီး အိမ်ထောင်စု ၄၃၃ စုအား သောက်ရေသန့် ပေးဝေခဲ့သည်။ ဇူလိုင် ၁၄ ရက်တွင် သန်လျင်မြို့နယ် မြို့ဟောင်းရပ်ကွက်တွင် ရေဂါလန် ၁၈၀၀ ကို သန့်စင်ပြီး အိမ်ထောင်စု ၁၂၀ လည်းကောင်း၊ ခရမ်းမြို့နယ် (၇)ရပ်ကွက်ရှိရပ်ကွက်ရေလှောင်ကန်မှ ရေဂါလန် ၇၅၀ ရယူသန့်စင်ပြီး အိမ်ထောင်စု ၇၅ စုအားလည်းကောင်း သောက်ရေသန့် ပေးဝေခဲ့သည်။ သန်လျင်နှင့် ခရမ်းမြို့နယ်တို့တွင် အိမ်ထောင်စု ၆၂၈ စုအတွက် စုစုပေါင်း သောက်ရေသန့် ဂါလန် ၃၅၀၀ ကို ပေးဝေနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


## မိုးရာသီကာလတွင် ဖြစ်ပွားမှုများပြားနိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

- **ပြင်းထန်ဝမ်းပျက်ဝမ်းလျှော** ရောဂါသည် ဝမ်းရောဂါဖြစ်ပွားစေသောရောဂါပိုးများပါရှိသည့် မသန့်ရှင်းသောရေနှင့် အစားအစာများ စားသောက်မိရာမှတစ်ဆင့်ကူးစက်ဖြစ်ပွားစေပါသည်။
- **ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး** အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန်ဆောင်းအကူးတွင် အဖြစ်များသည်။
- **ရောဂါပိုးပါဝင်သည့်** ဝမ်းအညစ်အကြေးများတွင်ရှိနေသော ရောဂါပိုးများသည် ယင်ကောင်မှတစ်ဆင့် လည်းကောင်း၊ မသန့်ရှင်းသောလက် စသည်တို့မှ တစ်ဆင့် လည်းကောင်း၊ အစားအစာ သောက်သုံးရေများအတွင်းသို့ရောက်ရှိခြင်း(သို့မဟုတ်) တိုက်ရိုက်ဝင်ရောက်ခြင်း(ဥပမာ - မိလ္လာပိုက်ပေါက်ခြင်း၊အညစ်အကြေး မြေသြဇာအသုံးပြုခြင်း)တို့မှ တစ်ဆင့် စားသောက်မိသူများအားကူးစက်စေပြီး တစ်ဦးမှတစ်ဦးသို့ ရောဂါဆက်လက်ကူးစက်စေပါသည်။
- **ရောဂါလက္ခဏာများမှာ** အရည်ဝမ်းများစွာသွားခြင်း၊ ငါးညှီနံ့နံသော ဆန်ဆေးရည်ကဲ့သို့ ဝမ်းသွားခြင်း၊ အော့အန်ခြင်း၊နလုံးခုန်နှုန်းမြန်ခြင်း၊ အရေပြား၏ကျုံ့ဆန့်နိုင်အား လျော့နည်းလာခြင်း၊ မျက်တွင်းချိုင့်ဝင်ခြင်း၊ ခံတွင်း/လျှာနှင့်နှုတ်ခမ်းများခြောက်သွေ့ခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ဖြစ်ပါသည်။
- **ကြိုတင်ကာကွယ်နိုင်သောနည်းလမ်းများမှာ–**
  - အစာမစားမီနှင့် အစားအစာမပြင်ဆင်မီအချိန်၊ အညစ်အကြေးနှင့် အမှိုက်များ ကိုင်တွယ်ပြီးချိန်နှင့် အိမ်သာမှဆင်းချိန်တိုင်းတို့တွင် လက်ကိုဆပ်ပြာဖြင့်စင်ကြယ်စွာ စနစ်တကျ ဆေးကြောပါ။
  - တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။
  - ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲပါ။
  - ရေကို ကျိုချက်၍သောက်သုံးပါ။
  - အစားအစာများကို ကျက်အောင်ချက်ပြီးမှစားသုံးပါ။
  - အစားအစာများကို ယင်မနားအောင် လုံခြုံစွာ ဖုံးအုပ်ထားပါ။
  - ခြင်၊ ယင် တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင် သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ပါ။



ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားသည်ဟု သံသယရှိလျှင် အချိန်မီကုသမှုခံယူရန် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ပြည်သူ့ဆေးရုံများသို့သွားရောက်ပြသပါ။

ဇူလိုင်၊ ၂၀၂၄


## သုံးခွမြို့နယ်၌ နိုင်ငံသား စိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေး

**သုံးခွ ဇူလိုင် ၁၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ယနေ့နံနက်ပိုင်းက လက်ပန်-နန်းခလဲကျေးရွာအုပ်စု ဝင်းကြီးကျေးရွာတွင် ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးသည်။

### ပြုလုပ်ပေး

ထိုသို့ဆောင်ရွက်ပေးရာတွင် မြို့နယ် လဝက ဦးစီးမှူး ဦးထွန်းဆွေက ၁၉၈၂ ခုနှစ်မြန်မာနိုင်ငံသား ဥပဒေအကြောင်းအရာများ၊ ပန်းခင်းစီမံချက် အကြောင်းအရာများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိခြင်းကြောင့် ရရှိမည့်အကျိုးကျေးဇူးများ၊ မပျောက်ပျက်အောင် စနစ်တကျ ထိန်းသိမ်းရန် လိုအပ်ပုံတို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အသက် ၁၆ နှစ်မှ ၁၈ နှစ်ထိနှင့် အသက် ၁၈ နှစ်အထက် နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား လိုအပ်သော သက်သေခံအထောက်အထားများ၊ စာရွက်စာတမ်းများစိစစ်၍ နိုင်ငံသားစိစစ်ရေး ကတ်ပြားများပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**စည်သူလင်း (ပြန်/ဆက်)**

### အာဇာနည်ဗိမာန်သို့ လာရောက်ကြသည့် မိဘပြည်သူများအနေဖြင့် အောက်ပါပစ္စည်းများကို ယူဆောင်၍ အာဇာနည်ဗိမာန်သို့ ဝင်ရောက်ခွင့် မပြုကြောင်း ကြိုတင်အသိပေး အကြောင်းကြားခြင်း




### အာဇာနည်ဗိမာန်သို့ လာရောက်ကြမည့် ပြည်သူများအနေဖြင့် Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေးကြေညာခြင်း



## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ❑ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့်တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ❑ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- ❑ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ❑ ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ❑ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆) ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက်တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ❑ ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ❑ အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ❑ အာဇာနည်ဗိမာန်ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့် တစ်ဦး (၆) ပေခြား၍ (၁) ကြိမ်လျှင် (၁၀) ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့်တစ်ဦး (၆) ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ❑ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- ❑ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ (လုံးဝ) လာရောက်ခြင်း မပြုရန်။
- ❑ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ❑ အစုလိုက် အလေးပြုသည့်အချိန်အား (၁၀) မိနစ်ထက် ပိုမကြာစေရန်။

## အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ❑ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာ အမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့်တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ❑ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- ❑ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ❑ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းဆုံ၊ သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းဆုံတို့တွင် ယူဆောင်ခွင့်မပြုသောပစ္စည်း (၁၀) မျိုး စစ်ဆေးခြင်း၊ အတွင်းဝန်ရုံး(ဝန်ကြီးများရုံး) ဝင်ပေါက်တွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာစာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ❑ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/ Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက်တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ❑ ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ❑ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ❑ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆) ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်းခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆) ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ❑ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- ❑ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ (လုံးဝ) လာရောက်ခြင်းမပြုရန်။
- ❑ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများဖြစ်ပွားနေပါက လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ❑ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ❑ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- ❑ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ❑ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်ပြတိုက်လမ်းဆုံတွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ Body Search ပြုလုပ်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာစာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ❑ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆) ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက်တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ❑ ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ❑ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ❑ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆) ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်းခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆) ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ❑ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- ❑ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ (လုံးဝ) လာရောက်ခြင်း မပြုရန်။
- ❑ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများဖြစ်ပွားနေပါက လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။

## (၇၇)နှစ်မြောက် အာဇာနည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူရန်နှင့် ဥသြဆွဲရန်

နေပြည်တော် ဇူလိုင် ၁၅

၂၀၂၄ ခုနှစ် ဇူလိုင် ၁၉ ရက်(သောကြာနေ့) (၇၇)နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ဥသြဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့် မော်တော်ယာဉ်များ ခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် လက်အောက်ဌာန/ ရုံးအဆင့်ဆင့်သို့ ဆက်လက် အသိပေးညွှန်ကြားရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက အစိုးရရုံးဌာန အဖွဲ့အစည်းအားလုံးသို့ ညွှန်ကြားထားကြောင်း သိရသည်။

သတင်းစဉ်

## "အာဇာနည်ဗိမာန်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း"

(၁) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်လက္ခဏာများ ဖြစ်ပွားလာပါက အခမ်းအနားသို့ လုံးဝလာရောက်ခြင်းမပြုရန်၊

(၂) ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ် လက္ခဏာများ စစ်ဆေးတွေ့ရှိပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်၊

(၃) အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသိပေးချက်အား တိကျစွာလိုက်နာဆောင်ရွက်ရန်။

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၇၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၄ နာရီအချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည်လမ်းဟောင်းမှလည်းကောင်း၊ ရွှေဂုံလမ်းအား ဓမ္မစေတီ-ရွှေဂုံလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းမှ ဦးထောင်ဘိုလမ်းအထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံအထိလည်းကောင်း လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်ပြသမည့် ၁၉-၇-၂၀၂၄ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝင်္ကပါလမ်းဆုံမှ ဖိုးစိန်လမ်းဆုံထိလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းဆုံနှင့် စောမဟာလမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအား ရွှေကြက်ယက်လမ်းနှင့်ဆုံရာမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အတွင်းဝန်ရုံးတွင် အလံတင်အခမ်းအနားကျင်းပမည့် ၁၉-၇-၂၀၂၄ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှ ကုန်သည်လမ်းဆုံအထိလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်/ လမ်းလွှဲဆောင်ရွက်နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## သနပ်ပင်မြို့နယ်၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်ဟောပြောပွဲ ကျင်းပ



သနပ်ပင် ဇူလိုင် ၁၅

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်တွင် (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတို့ကို ယနေ့နံနက် ၉ နာရီက အထက(သနပ်ပင်)ကျောင်း ဇီဇဝါခန်းမ၌ ကျင်းပသည်။

**အဖွင့်အမှာစကားပြောကြား**

ဦးစွာ တာဝန်ခံမြို့နယ်ပညာရေးမှူး ဆရာကြီးဦးမျိုးမြင့်သိန်းက အဖွင့်အမှာစကားပြောကြားပြီး အထက(ကမာစ)ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးချိုက (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် အာဇာနည်စိတ်ဓာတ် အကြောင်းကို အသိပညာပေးပြောကြားခဲ့သည်။ ဆက်လက်၍ သနပ်ပင်မြို့နယ်အတွင်းရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်း အဆင့်ရှိ ကျောင်းသား ကျောင်းသူလေးများက အာဇာနည်နေ့ အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ခြင်း၊ စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့်အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောခြင်းများကို ပြိုင်ပွဲဝင်ခဲ့ကြသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)

## ရန်ကင်းမြို့နယ်၌ (၇၇)နှစ်မြောက်အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ပြိုင်ပွဲများ ကျင်းပ

ရန်ကင်း ဇူလိုင် ၁၅

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် စာစီစာကုံး၊ ကဗျာ၊ ကျပန်း၊ ပန်းချီပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီက အဆိုပါကျောင်းသီရိရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကင်းမြို့နယ်ပညာရေးမှူး ဒေါ်ဝင်းရည်မွန်က အာဇာနည်နေ့အကြောင်း သိကောင်းစရာများကို ကျောင်းသား ကျောင်းသူများအားအသိပညာပေးဟောပြောခဲ့သည်။ ထို့နောက် (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ပြိုင်ပွဲများဖြစ်သည့် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတို့ကို ကျင်းပရာ ပြိုင်ပွဲများသို့ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၄၃ ဦး၊ ပန်းချီပြိုင်ပွဲတွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၆ ဦး၊ ကဗျာပြိုင်ပွဲတွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့်



ကျောင်းသား ကျောင်းသူ ၁၅ ဦး၊ ကျပန်းစကားပြောပြိုင်ပွဲတွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ခုနစ်ဦး စုစုပေါင်း ၁၀၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်အဆင့်ပညာရေးစုံညီပွဲတော်တွင် ဆုများပေးအပ်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)

## အာဇာနည်များကပေးသော အားမာန်

☆ သူ့ကျွန်ဘဝ၊ လွတ်မြောက်ရအောင်
ပြင်းပြထက်သန်၊ မျိုးချစ်မာန်ဖြင့်
စစ်မှန် နီစွေး၊ ဇာတိ သွေးဖြင့်
သွေး ချွေး အသက်၊ သိန်း သောင်းဆက်၍
လက်ဆင့်ကမ်းပေး၊ လွတ်လပ်ရေးတည့်
သွေးရင်း ပီပီ
အမိပြည်ကို ကယ်ခဲ့သည်။
ဒို့ဘိုး ဒို့ဘေး အာဇာနည်။

☆ လွတ်လပ် အပြီး၊ ရှေ့ခရီးဝယ်
ထပ်ပြီး ကျွန်ဖြစ်၊ နွံမနစ်အောင်
ခေတ်နှင့်အညီ၊ ဖွံ့ဖြိုးစည်အောင်
ညီနောင် သားချင်း၊ ရင်းထက် ရင်းအောင်
ဆောင်ကြဉ်း ပုံဖော်၊ နိုင်ငံတော် တည့်
လျော်သည့် အကြံ၊ မှန်သည့် အလုပ်
မျိုးဂုဏ်ပုဒ်ကို
ဖော်ထုတ် မြှင့်တင် ပေးခဲ့သည်။
ဒို့အဖ ဒို့အဖိုး အာဇာနည်။

☆ ပြည်ထောင်စုကို၊ မကွဲပြိုအောင်
တည်ထောင်မှုကို၊ မယွင်းယိုအောင်
ကိုယ်နှင့် အသက်၊ မငဲ့ကွက်ဘဲ
ဆယ်သက် ဆယ်ပြန်၊ သစ္စာနံ့လျက်
ဝန်းရံညီညီ၊ စောင့်ရှောက်သည်တည့်
ပြည်သူမှ ဖွား၊ ပြည်သူ့သားမို့
ပြည့်သားပီပီ၊ ဆံချည် မရှံ့
အသက်စွန့်လျက်
ရဲဝံ့ စွန့်စား ကာကွယ်သည်။
ဒို့နောင်ညီဆွေ အာဇာနည်။

☆ ဪ.. ဤသို့ ဤပုံ၊ ကျော်သည့် ဂုဏ်နှင့်
စုန် ဆန် စီးမြဲ၊ သမိုင်းထဲဝယ်
ထူးကဲ ထင်ရှား၊ အာဇာနည်များ ၏
လေးစားဖွယ်ရာ၊ အရာရာကို
ရင်မှာ ခံယူ၊ နှလုံးမူလျက်
ပြည်သူပီစွာ၊ ပြည်မြန်မာ၏
အနာဂတ်လမ်း၊ ဖြောင့်မတ်တန်းအောင်
ကြိုးပမ်းလိုစိတ်
စောင့်ရှောက်လိုစိတ်
ကာကွယ်လိုစိတ်
မြှင့်တင်လိုစိတ်၊ ပြည့်လျှံဖိတ် လျက်
"အောင်စိတ်" မြင့်မား၊ "မြန်မာ့အား"ကို
သိ ကြား သက်သေ ထူကြစို့။
ဒို့မြန်ပြည်ကြီး အေးချမ်းဖို့။ ။

မျိုးမြတ်မြတ်မြင့်မောင်

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး နေပြည်တော်ကောင်စီနယ်မြေအတွင်း သမဝါယမစနစ် ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် တက်ရိုန်းကျေးရွာသို့ရောက်ရှိပြီး ကျေးရွာ ၁၄ ရွာမှ သမဝါယမအသင်းသား တောင်သူများ၊ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် သမဝါယမဦးစီးဌာန တိုင်းဦးစီးမှူးက သမဝါယမစနစ်ဖြင့် ဆောင်ရွက်နေသော ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ အခြေအနေကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းစားသုံးဆီ ဖူလုံရေးနှင့် ပြည်ပမှတင်သွင်းမှုလျှော့ချနိုင်ရေး၊ ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေးတို့အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မျိုး၊ ဓာတ်မြေဩဇာ၊ သွင်းအားစုများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍လည်း ဒေသနှင့်ကိုက်ညီသော ဈေးကွက်ရှိသည့် မွေးမြူရေးလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်ပါက လိုအပ်သည့် မျိုး၊ အရင်းအနှီးများရရှိရေး ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆီထွက်သီးနှံကုန်ကြမ်းများ စဉ်ဆက်မပြတ်ရရှိရေး၊ ဈေးကွက်ရရှိရေးတို့အတွက် နေပြည်တော်ကောင်စီ အသေးစား၊ အငယ်စား၊ အလတ်စား (MSME) စီးပွားရေးလုပ်ငန်းရှင်များအသင်းနှင့် အိမ်ရှင်မဆီစက်လုပ်ငန်းတို့ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်နိုင်ရန် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး သမဝါယမအသင်းသား တောင်သူများ၊ ဒေသခံပြည်သူများ၏ စိုက်ပျိုးရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း လိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေစွမ်းအား စိုက်ပျိုးရေးနှင့်အထွေထွေစီးပွားရေးသမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးဇော်မင်းလွင်၏ တွန်းနနီမြေပဲ လေးဧက စိုက်ပျိုးထားမှုကိုလည်းကောင်း၊ အသင်းသားတောင်သူများနှင့် ဒေသခံတောင်သူများ စိုက်ပျိုးထားသော ဆီထွက်သီးနှံစိုက်ခင်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဝင်ငွေတိုးစီမံကိန်း သင်တန်းဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၁၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန အနေဖြင့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေ တိုးရေးစီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစတင်၍ ကျေးရွာပေါင်း ၁၅၁ ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင်လည်း ကျေးရွာပေါင်း ၂၂၁ ရွာ၌ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



**ကျင်းပ**

ယင်းစီမံကိန်းပါ လုပ်ငန်းခုနစ်ခုအနက် အသေးစား၊ အငယ်စား စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေး လုပ်ငန်းတွင်ပါဝင်သည့် လယ်ဝေးမြို့နယ် ရေအိုးစင်ကျေးရွာအုပ်စုအတွက် ရေခဲမုန့်အမျိုးမျိုးထုတ်လုပ်မှု နည်းပညာသင်တန်းနှင့် ကြောင်ရေကျေးရွာအုပ်စုအတွက် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက လယ်ဝေးခရိုင် ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာများမှ ရပ်မိရပ်ဖများ၊ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဝင်များနှင့် လုပ်ငန်းဆောင်ရွက်မည့် သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ကျေးရွာအုပ်စုကိုယ်စားလှယ်များနှင့် သင်တန်းနည်းပြများက မိတ်ဆက်စကားပြောကြားကာ သင်တန်းများကို ဖွင့်လှစ်ပေးသည်။

အဆိုပါ ကျေးရွာများတွင် ရေခဲမုန့်အမျိုးမျိုးထုတ်လုပ်မှုနှင့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းများကို လုပ်ငန်းထူထောင်နိုင်သည်အထိ ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားပေးသွားမည်ဖြစ်ပြီး အမှန်တကယ်လုပ်ငန်း ထူထောင်မည့် ထူးချွန် သင်တန်းသားငါးဦးကို သတ်မှတ်ချက်များနှင့် အညီ ရွေးချယ်ကာ စက်ပစ္စည်းများ ထောက်ပံ့ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကော့သောင်းမြို့၌ (၇၇)နှစ်မြောက်အာဇာနည်နေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**ကော့သောင်း ဇူလိုင် ၁၅**

(၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

**ပါဝင်ယှဉ်ပြိုင်**

အဆိုပါ ပြိုင်ပွဲတွင် ကော့သောင်းခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများမှ အထက်တန်းအဆင့် ကျောင်းသားကျောင်းသူ ၂၈ ဦးတို့က “အာဇာနည်နေ့ ဒို့မမေ့”ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ပညာရေးဌာနမှ တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ပြိုင်ပွဲအပြီးတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ခရိုင်ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# မြဝတီခရိုင်၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်ဟောပြောပွဲ ကျင်းပ



**မြဝတီ ဇူလိုင် ၁၅**

(၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ကရင်ပြည်နယ် မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ပညာရေးဌာနနှင့် မြို့နယ်ပန်းချီ၊ ပန်းပုအစည်းအရုံးတို့ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲ၊ ပန်းချီ၊ ပိုစတာ၊ ကာတွန်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

**ရှင်းလင်းဟောပြော**

အခမ်းအနားတွင် မြဝတီခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်ဇာဖြူဝင်းက အာဇာနည်နေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို ရှင်းလင်းဟောပြောပြီး ပြိုင်ပွဲများစတင်ကျင်းပရာ အကဲဖြတ်အမှတ်ပေးဒိုင်ဖြစ်သည့် မြို့နယ်ပန်းချီ၊ ပန်းပုအစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးက ပြိုင်ပွဲစည်းကမ်းများကို ဖတ်ကြားသည်။

**ဆုများချီးမြှင့်**

ဆက်လက်၍ အာဇာနည်နေ့အထိမ်းအမှတ်နှင့်သက်ဆိုင်သည့် မူလတန်းအဆင့် ကာတွန်းပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၈ ဦး၊ အလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၅ ဦးနှင့် ပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၃ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၅**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နေပြည်တော်ဇဟိုသင်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

**တက်ရောက်**

သစ်ပင်စိုက်ပျိုးပွဲသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာန၊ လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနအကြီးအကဲများနှင့် အရာထမ်း/အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ရတနာတန်းဝင် ကျွန်းပင်များကို ဦးဆောင်စိုက်ပျိုးပေးကြပြီး ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာန၊ လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနအကြီးအကဲများနှင့် အရာထမ်း/အမှုထမ်းများ စုပေါင်း၍ ရတနာတန်းဝင်



ကျွန်းပင် ၁၂၂၃ ပင်၊ ပန်းအိ၊ သပြေဘူတနှင့် စက္ကူပန်း ၂၈၇ ပင် စုစုပေါင်း အပင် ၁၅၁၀ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ ပထမအကြိမ် စိုက်ပျိုးခဲ့သည့် သစ်ပင်များ ရှင်သန်ဖြစ်ထွန်းနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ ယနေ့တွင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ဝန်ကြီးဌာနကြီးကြပ်မှုအောက်မှ တည်ဆောက်ရေးညွှန်ကြားရေးမှူးရုံးများ၊ စီမံကိန်းညွှန်ကြားရေးမှူးရုံးများ၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများ၊ စီမံကိန်းမန်နေဂျာရုံးများ၊ မဟာဓာတ်အားလိုင်းမှူးရုံးများ၊ ပင်မဓာတ်အားခွဲရုံများ၊ ဓာတ်အားပေးစက်ရုံများတွင်လည်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပခဲ့ပြီး နှစ်ရှည်သီးနှံပင် ၁၀၂၆၉ ပင်၊ နှစ်ရှည်ပန်းပင် ၁၃၆၇ ပင်၊ အရိပ်ရလေကာပင် ၇၇၈ ပင် စုစုပေါင်း ၁၂၄၁၄ ပင်တို့ကို တစ်ချိန်တည်း တစ်ပြိုင်တည်း စိုက်ပျိုးခဲ့ကြသည်။

**စုပေါင်းစိုက်ပျိုး**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်းပင်၊ နှစ်ရှည်သီးနှံပင်၊ နှစ်ရှည်ပန်းပင်၊ အရိပ်ရလေကာပင် စုစုပေါင်း ၁၃၅၈၂ ပင်နှင့် ယခု ဒုတိယအကြိမ်တွင် သစ်ပင်ပေါင်း ၁၃၉၂၄ ပင်တို့ကို စုပေါင်းစိုက်ပျိုးခဲ့ပြီး တစ်နိုင်ငံလုံးအနေဖြင့် ယခုနှစ်တွင် လက်ရှိအချိန်ထိ သစ်ပင်စုစုပေါင်း ၂၇၅၁၆ ပင် စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး မိုင်းယောင်းမြို့နှင့် မိုင်းယုမြို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မိုင်းယောင်း ဇူလိုင် ၁၅**

ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်သည် မိုင်းယောင်းမြို့ရှိ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဇလမင်းထင်ခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် လူမှုရေးရာဝန်ကြီးက ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် လူငယ်ရေးရာကိစ္စရပ်များ၊ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများ ရှင်းလင်းတင်ပြရာ လူမှုရေးရာဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် လူမှုရေးရာဝန်ကြီးသည် မွန်းလွဲ ၂ နာရီတွင် မိုင်းယုမြို့ရှိဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးပွဲကျင်းပပြီး မိုင်းယုမြို့ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံ၊ မိုင်းယုမြို့နှင့် ဒွန်းနွဲ့ကျေးရွာသွားလမ်း နမ့်ဖွန်ချောင်းပေါ်ရှိ မိုင်းယု-ဒွန်းနွဲ့ ကြိုးတံတား တည်ဆောက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





# လင်းခေး၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**လင်းခေး ဇူလိုင် ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ(ဒုတိယအကြိမ်)ကို လင်းခေးမြို့နယ် ကော်မိုင်းဘုရားတည်ရှိရာ စိုက်ကွင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ နယ်မြေခံတပ်နယ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးကျော်ထွန်းလတ်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်း၊ အဖွဲ့ဝင် ခရိုင် ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီး နေမိုးနှင့် အဖွဲ့ဝင် ဦးစိုင်းမြင့်ဦးတို့က ကျေးရွာတာဝန်ရှိသူများထံ ပျိုးပင်များပေးအပ်ခဲ့ကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့စိုက်ပျိုးခဲ့သည့် သစ်ပင်အမျိုးအစားများမှာ သရက်ပင် ၃၀၊ ပိန္နဲပင် ၃၀၊ ထောပတ်ပင် ၃၀၊ မာတာကွတ်ပင် ၃၀၊ မန်ကျည်းပင် ၂၀၊ ကျွန်းပင် ၁၇၀၊ မဲဇလီပင် ၁၀၀ နှင့် ရေတမာပင် ၁၀၀ စုစုပေါင်း ပျိုးပင် ၅၀၀ စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# ကျိုင်းတုံမြို့၌ ဆီထွက်သီးနှံ ပဲပုပ်မျိုးစေ့ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

**ကျိုင်းတုံ ဇူလိုင် ၁၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ခုနှစ် ဆီထွက်သီးနှံ ပဲပုပ်စိုက်ပျိုးမည့် တောင်သူများအား ဆီထွက်သီးနှံ ပဲပုပ်မျိုးစေ့ထောက်ပံ့ပွဲကို ဇူလိုင် ၁၄ ရက်က ကျိုင်းတုံတက္ကသိုလ်၌ ကျင်းပသည်။

ဦးစွာ ကျိုင်းတုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစမ်းစမ်းမာနှင့် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) အဖွဲ့ဝင်-၁ ဒုတိယဗိုလ်မှူးကြီး ကြည်မင်းသိန်းတို့က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ



ညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်(စက်မှုသီးနှံစိုက်ပျိုးပညာပေးရေး)က ဒေသအတွင်း ဆီဖူလုံမှုရှိစေရေး လက်ရှိစိုက်ပျိုးလျက်ရှိသော ဆီထွက်သီးနှံများအပြင် ဒေသခံတောင်သူများ အဓိကစိုက်ပျိုးသည့် ပဲပုပ်ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စားသုံးဆီနှင့် တိရစ္ဆာန်အစာ တိုးတက်ရရှိရေး၊ ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးရေး၊ ပဲပုပ်မျိုးစေ့ထောက်ပံ့ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မြို့နယ်များမှ ဆီထွက်ပဲပုပ်စိုက်ပျိုးမည့် တောင်သူများအား ဆီထွက်ပဲပုပ်မျိုးစေ့၊ မြေဩဇာနှင့် မျိုးစေ့ချကိရိယာများကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ပြီး ကျိုင်းတုံတက္ကသိုလ်ဝင်းအတွင်း ဆီထွက်သီးနှံ ပဲပုပ်မျိုးစေ့များကို စိုက်ပျိုးရေးဝန်ထမ်းများက ဒေသခံတောင်သူများနှင့်အတူ လက်တွေ့သရုပ်ပြစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# လှိုင်မြို့နယ်၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲကျင်းပ



**ရန်ကုန် ဇူလိုင် ၁၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းခွဲ၌ (၇၇)နှစ်မြောက်အာဇာနည်နေ့ အထိမ်းအမှတ်ဟောပြောပွဲကို ယမန်နေ့နံနက် ၉ နာရီက ကျင်းပသည်။

**ဟောပြော**

အခမ်းအနားတွင် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းကြည်က အာဇာနည်နေ့ဖြစ်ပေါ်လာပုံအကြောင်းနှင့် အာဇာနည်ကိုးဦးအကြောင်းတို့ကို ကျောင်းသားကျောင်းသူများသိရှိစေရန် ဟောပြောခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၌ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်းနှင့် အဆင့်မြင့်အရာထမ်းသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်း အမှတ်စဉ်(၁၀)နှင့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၂၄)၏ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ကေတုမတီခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်က အဆင့်မြင့်အရာရှိကြီးများအနေဖြင့် မည်သည့်အဖွဲ့အစည်းတွင် တာဝန်ထမ်းဆောင်သည်ဖြစ်စေ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထိထိမိမိဖြင့် တာဝန်ထမ်းဆောင်နိုင်ရန် အသက်အရွယ်အလိုက် ကာယ၊ စိတ္တ ကြံ့ခိုင်မှုရှိရန်လိုအပ်ကြောင်း၊ သင်တန်းစည်းကမ်းများကို အပြည့်အဝလိုက်နာပြီး မိမိဌာနအဖွဲ့အစည်း၏ လုပ်ငန်းများ အောင်မြင်တိုးတက်စေရေးကို အစွမ်းကုန်ကြိုးစားအားထုတ်ကြရန် တိုက်တွန်းမှာကြားသည်။

### တက်ရောက်

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်း အမှတ်စဉ်(၁၀) သို့ သင်တန်းသား ၁၇ ဦး၊ သင်တန်းသူ လေးဦး စုစုပေါင်း ၂၁ ဦးနှင့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၂၄) သို့ သင်တန်းသား ၂၃ ဦး၊ သင်တန်းသူ ၁၉ ဦး စုစုပေါင်း ၄၂ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဇူလိုင် ၁၅ ရက်မှ စက်တင်ဘာ ၁၁ ရက်အထိဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဇမ္ဗူသီရိမြို့နယ်အတွင်း စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၁၅

နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးသည် ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ သပြေကုန်း၊ ရွှေကြာပင်၊ သာယာကုန်း စသည့်လူနေရပ်ကွက်များနှင့် သပြေကုန်းဈေးသို့ နေ့စဉ်ရေဂါလန်ကိုးသိန်း ဖြန့်ဖြူးပေးဝေလျက်ရှိသည့် ရွှေကြာပင်ရေသန့်စင်စက်ရုံ (ဗေဗေ့မောင်)တို့သို့သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ မြို့ရေပေးရေး ဆောင်ရွက်ရာတွင် ပြည်သူများအတွက် ကျန်းမာသန့်ရှင်း၍ ကောင်းမွန်သော ရေပေးဝေရေး စနစ်ဖြစ်စေရေး စနစ်တကျ စီမံဆောင်ရွက်ရန်နှင့် ရေအရည်အသွေး စစ်ဆေးစမ်းသပ်မှုများကို အမြဲမပြတ် ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် သုခသိဒ္ဓိရပ်ကွက် ပျဉ်းမနား-တောင်ညို လမ်းဘေး၌ သုခတော်ဝင်အိမ်ရာ အပိုင်း(၂) ထပ်မံအကောင်အထည်ဖော် တည်ဆောက်ရန်အတွက် တင်ဒါကုမ္ပဏီများ ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ ဉာဏသိဒ္ဓိရပ်ကွက်၌ အသစ်ဆောက်လုပ်မည့် အမှုထမ်းအိမ်ရာနှင့် ဘောဂသိဒ္ဓိရပ်ကွက်၌ အသစ်ဆောက်လုပ်မည့် လူပျို/ အပျိုဆောင်များ တိုးချဲ့တည်ဆောက်မည့် မြေနေရာကိုလည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးပြီး တင်ဒါအောင်မြင်သည့် ကုမ္ပဏီများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများကို တစ်ပြိုင်တည်း စတင်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊ အဆောက်အအုံများ အချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီရေးနှင့် အဆောက်အအုံများ ဆောက်လုပ်ရာတွင် မူလမြို့ပြ Master Plan နှင့် ကိုက်ညီအောင်နေရာချထားဆောက်လုပ်ရန် မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်နှင့်အဖွဲ့သည် ရန်အောင်မြင် ရေတင်လိုင်းမှ ဟိုတယ်ဇုန်သို့ တိုက်ရိုက်ရေပေးပို့နိုင်မည့် 10" Ø HDPE PN(10) ပေ ၄၇၆၀ သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့ပြင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်း(၁)၌ ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ အခွန်ဘဏ္ဍာ တိုးတက်ကောက်ခံရရှိရေး၊ လယ်ယာမြေများ စနစ်တကျ စီမံခန့်ခွဲရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးတက်ရောက်သည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ပြည်သူများသွားလာရေး လွယ်ကူစေရန်နှင့် ကျောင်းသား ကျောင်းသူများ သက်ဆိုင်ရာ တက္ကသိုလ်များသို့ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် မော်တော်ယာဉ်လမ်းကြောင်း လေးကြောင်းဖြင့် လျာထားပြေးဆွဲနေမှု၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ငွေများ မှန်မှန်ကန်ကန် ပြည့်ပြည့်ဝဝ ရရှိစေရေးအတွက် အခွန်ပမာဏ တိုးမြှင့်ကြီးကြပ်ခြင်းထက် အခွန်နယ်ပယ်များ ချဲ့ထွင်ကောက်ခံသွားရေးကိစ္စရပ်နှင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်း ခံရမှုများ ပြန်လည်စိစစ် ဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ရေရှည်အမျိုးသားအကျိုးစီးပွားကို ရှေးရှုဆောင်ရွက်သွားရေး ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ အခွန်ဘဏ္ဍာ တိုးတက်ကောက်ခံရရှိရေးနှင့် လယ်ယာမြေများ စနစ်တကျ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အစည်းအဝေးသို့ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ခေတ္တအမြဲတမ်းအတွင်းဝန်နှင့် ဌာနကြီးမှူးများ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

တွံတေး ဇူလိုင် ၁၅

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အခြေခံပညာရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲကို တွံတေးမြို့နယ် ကျိုက်သလဲကျေးရွာရှိ အားမာန် ကိုယ်ပိုင်အထက်တန်းကျောင်းခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။



အခမ်းအနားတွင် အားမာန် ကိုယ်ပိုင် အထက်တန်းကျောင်း အုပ်ချုပ်သူ ဆရာဦးဇော်ဇော်အောင်က အဖွင့်အမှာစကား ပြောကြားကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးသက်ဦးက ဟောပြောပွဲ ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ စာရေးဆရာအသင်းဝင် စာရေးဆရာ ဝင်းထွဋ်ဦးက အာဇာနည်အကြောင်း သိကောင်းစရာနှင့် အာဇာနည် ခေါင်းဆောင်ကြီး ကိုးဦး၏အကြောင်းကို ဟောပြောခဲ့ကြသည်။

ထို့နောက် (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံး ပြိုင်ပွဲကို ကျောင်းခန်းများ၌ ဆက်လက် ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**



## (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြော

မော်လမြိုင် ဇူလိုင် ၁၅

မော်လမြိုင်ခရိုင်ရုံး လူထုအခြေပြု ဗဟိုဌာန ခန်းမ၌ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ စာအုပ်ပြပွဲနှင့် စာစီစာကုံးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်ကလွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့ကြသော အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦး၏ အတ္ထုပ္ပတ္တိ အကြောင်းအရာများ၊ အာဇာနည်နေ့ဖြစ်ပေါ်လာပုံ အကြောင်းအရာများကို ဆွေးနွေးပြောကြားပြီး အာဇာနည်နေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ကျောင်းသား ကျောင်းသူ ၂၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆက်လက်၍ မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် နံရံကပ်စာစောင်နှင့်စာအုပ်စာပေများကို ခင်းကျင်းပြသထားရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ၂၀၃၅ ခုနှစ်၌ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ၆၀ ရာခိုင်နှုန်းမှ ၆၆ ရာခိုင်နှုန်းအတွင်း လျှော့ချမည်ဟု ဂျပန်ပြောကြား



**တိုကျို ဇူလိုင် ၁၅**

ဂျပန်နိုင်ငံ၌ ၂၀၃၅ ခုနှစ်အရောက်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု ၆၀ မှ ၆၆ ရာခိုင်နှုန်းအတွင်း လျှော့ချသွားရန် စီစဉ် ဆောင်ရွက်နေကြောင်း ဂျပန်အစိုးရက ယမန်နေ့တွင် ပြောကြားသည်။

ကမ္ဘာကြီး ပူနွေးလာမှုကို လျှော့ချရေးအတွက် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် ကာဗွန်ဓာတ်ငွေ့ ထုတ်လွှတ်မှု ပဉ္စမအဆင့်တွင် ရှိသည့် ဂျပန်နိုင်ငံသည် သက္ကရာဇ် ၂၀၃၀ ပြည့်နှစ်အရောက်တွင် ကာဗွန်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို ၄၆ ရာခိုင်နှုန်းအထိ လျှော့ချရေး ဆောင်ရွက်နေသည်။ ဂျပန်နိုင်ငံအနေဖြင့် ကာဗွန်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် စက်မှုထွန်းကားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် ကမ္ဘာကြီးပူနွေးလာမှုကို တားဆီးသည့် အနေဖြင့် ယခုကဲ့သို့ ဆောင်ရွက်ရန် တာဝန်ရှိကြောင်း နိုင်ငံအတွင်းရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းများက ပြောကြားသည်။ နိုင်ငံအတွင်း ၂၀၂၂ ခုနှစ်က ကာဗွန်ဓာတ်ငွေ့ တန်ချိန် ၁ ဒသမ ၀၉ ဘီလီယံသာ ထုတ်လွှတ်ခဲ့ပြီး ယင်းပမာဏသည် ၂၀၁၃ ခုနှစ်က ထုတ်လွှတ်သည့် ကာဗွန်ဓာတ်ငွေ့ ပမာဏထက် ၂၂ ဒသမ ၉ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း ဂျပန်နိုင်ငံ သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ယခုရရှိသည့် အချက်အလက်များအပေါ် ခန့်မှန်းမှုများအရ သက္ကရာဇ် ၂၀၅၀ ပြည့်နှစ်တွင် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု သုညအဆင့် ရောက်ရှိရေး ရည်မှန်းချက်သည် နီးကပ်လာကြောင်း သိရသည်။ ပါရီသဘောတူညီချက်အရ ကမ္ဘာကြီး၏ အပူချိန်ကို ၁ ဒသမ ၅ ဒီဂရီ ဆဲစီးယပ်တွင် ထိန်းချုပ်ထားရှိရေးကို ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ဂျပန်နိုင်ငံကလည်း သက္ကရာဇ် ၂၀၅၀ ပြည့်နှစ် အရောက်တွင် ကာဗွန်ဓာတ်ငွေ့ ထုတ်လွှတ်မှု သုညအဆင့်ရောက်ရှိရေး ကြိုးပမ်းဆောင်ရွက်နေသည်။

**ကိုးကား – ကျိုဒိုနယူးစ်**
**ဘာသာပြန် – စိုးသူရ**

# ဂျပန်နိုင်ငံ၌ ဇီဝလောင်စာဖြင့် ရထားပြေးဆွဲရေး ဆောင်ရွက်

**တိုကျို ဇူလိုင် ၁၅**

ပြည်ပခရီးသွားများ လာရောက်ရာ ဂျပန်နိုင်ငံအရှေ့ပိုင်း နစ်ကိုမြို့ရှိ ကျောက်မီးသွေးလောင်စာသုံး ရထားစက်ခေါင်းများအား ဇီဝလောင်စာဖြင့် ပြောင်းလဲပြေးဆွဲနိုင်ရန် စမ်းသပ်ဆောင်ရွက်ခဲ့ကြောင်း ယနေ့ ကျိုဒိုနယူးစ်သတင်းအရ သိရသည်။

ယင်းဆောင်ရွက်ချက်သည် နိုင်ငံ၏ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး ဆောင်ရွက်ချက်ဖြစ်သည်။ ယင်းဇီဝလောင်စာကို ဂျုံစေ့၊ ပြောင်းစေ့၊ သစ်သားစ၊ ကော်ဖီမှုန့်တို့ဖြင့် ထုတ်လုပ်ထားကြောင်း ယင်းရထားပြေးဆွဲမှုကို ဆောင်ရွက်သည့် တိုဗူရထားလုပ်ငန်းကုမ္ပဏီက ပြောကြားသည်။

ယခုသုံးစွဲမည့် ဇီဝလောင်စာသည် တစ်နှစ်လျှင် ကာဗွန်ထုတ်လွှတ်မှု တန် ၁၅၀ ကို လျှော့ချပေးနိုင်ပြီး ယင်းပမာဏသည် အိမ်ထောင်စု ၅၀ ခန့်မှ ထုတ်လွှတ်သည့် ကာဗွန်ဓာတ်ငွေ့ပမာဏနှင့် ညီမျှသည်။ တိုဗူရထားလုပ်ငန်းကုမ္ပဏီမှ ပြေးဆွဲသည့် SL Taiju ရထားလိုင်းသည် ၂၀၁၇ ခုနှစ်မှ စတင်၍ ကီနူဂါဝါရေပူစမ်းရှိရာ တိုချီဂီစီရင်စု နီကိုမြို့တွင် စတင်ပြေးဆွဲခဲ့သည်။ ယခုအစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဟင်းချက်ရာတွင်အသုံးပြုသည့် ဆီများကိုလည်း ဇီဝလောင်စာအဖြစ် ပြောင်းလဲကာ ယင်းကုမ္ပဏီက ရထားပြေးဆွဲရာတွင် အသုံးပြုခဲ့သည်။ ရထားပြေးဆွဲရာတွင် ကျောက်မီးသွေးလောင်စာ အသုံးပြုခြင်းကို လျှော့ချမည်ဟု ယင်းကုမ္ပဏီတာဝန်ရှိသူ ဟီဆာရှိတိဇူကာက ပြောကြားသည်။

**ကိုးကား – ကျိုဒိုနယူးစ်**
**ဘာသာပြန် – စိုးသူရ**

# အစ္စရေးက ဆီးရီးယားအပေါ် တိုက်ခိုက်နေပါက ဆိုးရွားသည့်အကျိုးဆက်များဖြစ်လာမည်ဟု ဆီးရီးယားပြောကြား

**ဒမတ်စကတ် ဇူလိုင် ၁၅**

အစ္စရေးက ဆီးရီးယားနိုင်ငံအပေါ် တိုက်ခိုက်မှုများ ဆက်လက်ဆောင်ရွက်နေမည်ဆိုပါက ဆိုးရွားသည့်အကျိုးဆက်များကို ရင်ဆိုင်ရလိမ့်မည်ဟု ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့ကြောင်း ယနေ့ ဆင်ဟွာသတင်းအရ သိရသည်။

ဆီးရီးယားနိုင်ငံမြို့တော် ဒမတ်စကတ်နှင့် စစ်ဘက်ဆိုင်ရာပစ်မှတ်များအား အစ္စရေး၏ တိုက်ခိုက်မှုများအပြီးတွင် ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက မှတ်ချက်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။ ဆီးရီးယားနိုင်ငံသည် နိုင်ငံတကာဥပဒေပါ ပြဋ္ဌာန်းချက်များအရ မိမိနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ကာကွယ်စောင့်ရှောက်ခွင့်ရှိသည်ဟု ယင်းဝန်ကြီးဌာနက ထပ်လောင်း ပြောကြားသည်။

အစ္စရေး၏ ဆီးရီးယားနိုင်ငံအပေါ် တိုက်ခိုက်မှုများကို နိုင်ငံတကာမှ နှုတ်ဆိတ်နေမည်ဆိုပါက နိုင်ငံတကာဥပဒေကိုချိုးဖောက်ရာရောက်ကြောင်း ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက သတိပေးပြောကြားသည်။ အစ္စရေး၏ တိုက်ခိုက်မှုများအတွင်း ဆီးရီးယားတပ်မတော်သားတစ်ဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆီးရီးယားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ယင်းတိုက်ခိုက်မှုများကို ဂိုလန်ကုန်းမြင့်ဒေသမှ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဆီးရီးယားနိုင်ငံတောင်ပိုင်းရှိ စစ်ဘက်ဆိုင်ရာပစ်မှတ်များနှင့် မြို့တော် ဒမတ်စကတ် Kafr Sousa ဒေသရှိ လူနေအိမ်များကို ထိမှန်ခဲ့ကြောင်း ဆီးရီးယားတပ်မတော်က ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**



# ထန်ပါခွေမြို့၌ တောင်သူနည်းပညာပေးသင်တန်းဖွင့်လှစ်

**ထန်ပါခွေ ဇူလိုင် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ထန်ပါခွေမြို့ နှစ်ခြင်းခရစ်ယာန်အသင်းတော် အဆောက်အအုံခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက စပါးသီးနှံမျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်နည်း တောင်သူနည်းပညာပေးသင်တန်းဖွင့်လှစ်ရာ မြို့အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။ ရှေးဦးစွာ ထန်ပါခွေမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့ဦးစီးမှူး ဦးအောင်မင်းသူက မျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်နည်း၊ မျိုးကွဲနုတ်ပယ်ခြင်း နည်းလမ်းများ၊ မြေဆီလွှာအရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်သည့် နည်းလမ်းကောင်းများကို အကျယ်တဝင့်သင်ကြားပို့ချ ဆွေးနွေးခဲ့ပြီး မျိုးစေ့ထုတ်တောင်သူတစ်ဦးက သိရှိလိုသည်များကို မေးမြန်းရာ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့ဦးစီးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ အဆိုပါ သင်တန်းသို့ ဒေသခံတောင်သူ ၄၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **အလန်(ပြန်/ဆက်)**



**ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ၊နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ**

၁၆-၇-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၀၀ | ၂၇၇၅ | ၂၇၅၅ | ၂၇၁၀ | ၂၇၇၅ | ၂၇၉၀ | ၂၈၀၀ | ၂၇၅၅ | ၂၈၉၀ | ၂၉၂၀ | ၂၇၆၅ | ၂၇၈၀ | ၂၈၁၅ | ၂၈၀၀ | ၂၈၁၅ | ၃၂၂၀ | ၃၈၀၀ |
| 95 Ron | ၂၈၂၀ | ၂၈၉၅ | ၂၈၇၅ | ၂၈၃၀ | ၂၉၀၀ | ၂၉၁၀ | ၂၉၂၀ | ၂၈၈၀ | ၃၀၁၀ | ၃၀၄၀ | ၂၈၈၅ | ၂၉၀၀ | ၂၉၃၅ | ၂၉၂၅ | ၂၉၃၅ | ၃၃၄၅ | ၃၉၅၀ |
| HSD (500 ppm) | ၂၄၆၅ | ၂၅၄၀ | ၂၅၂၀ | ၂၄၇၀ | ၂၅၄၀ | ၂၅၅၅ | ၂၅၆၅ | ၂၅၂၀ | ၂၆၅၀ | ၂၆၈၀ | ၂၅၃၀ | ၂၅၄၅ | ၂၅၇၅ | ၂၅၆၅ | ၂၅၈၀ | ၂၉၈၅ | ၃၉၀၀ |
| HSD (50 ppm) | ၂၈၉၀ | ၂၉၆၅ | ၂၉၄၅ | ၂၉၀၀ | ၂၉၇၀ | ၂၉၈၀ | ၂၉၉၅ | ၂၉၅၀ | ၃၀၈၀ | ၃၁၁၀ | ၂၉၅၅ | ၂၉၇၀ | ၃၀၀၅ | ၂၉၉၅ | ၃၀၀၅ | ၃၄၁၅ | ၃၉၀၀ |
| HSD (10 ppm) | ၂၈၉၀ | ၂၉၆၅ | ၂၉၄၅ | ၂၉၀၀ | ၂၉၇၀ | ၂၉၈၀ | ၂၉၉၅ | ၂၉၅၀ | ၃၀၈၀ | ၃၁၁၀ | ၂၉၅၅ | ၂၉၇၀ | ၃၀၀၅ | ၂၉၉၅ | ၃၀၀၅ | ၃၄၁၅ | ၃၉၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၅၃ | ၂၆၃၇ |
| 95 Ron | ၂၆၇၀ | ၂၇၅၇ |
| HSD (500 ppm) | ၂၃၂၄ | ၂၄၀၀ |
| HSD (50 ppm) | ၂၇၃၈ | ၂၈၂၂ |
| HSD (10 ppm) | ၂၇၃၈ | ၂၈၂၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# နိုင်ငံတော်အစိုးရက ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

**ရန်ကုန် ဇူလိုင် ၁၅**

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည့်တိုင် မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ မြန်မာသံရုံးနှင့် သက်ဆိုင်ရာသံရုံးများ ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက် ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယူအေအီးနိုင်ငံတွင် အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မဇူးဇူးလှိုင်အား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် ယူအေအီးနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနသက်ဆိုင်ရာ ပြည်နယ်ရဲတပ်ဖွဲ့နှင့် လူ့စွမ်းအားအရင်းအမြစ်နှင့် နိုင်ငံသား အကျိုးစီးပွားမြှင့်တင်ရေးဝန်ကြီးဌာနတို့မှ အာဏာပိုင်များနှင့်ညှိနှိုင်း၍ မြန်မာနိုင်ငံသို့ ပြန်လည် ခေါ်ဆောင်နိုင်ခဲ့ရာ မြန်မာနိုင်ငံသူ မဇူးဇူးလှိုင်သည် ဇူလိုင် ၁၄ ရက်က ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့မှ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ဒူဘိုင်း-ရန်ကုန် လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ယမန်နေ့ည ၁၀ နာရီ ၁၅ မိနစ်တွင် ရောက်ရှိခဲ့သည်။

မြန်မာနိုင်ငံသူ မဇူးဇူးလှိုင်သည် ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့သို့ အလုပ်လုပ်ကိုင်ရန် ရောက်ရှိစဉ် အေးဂျင့်ရုံးမှ နိုင်ငံကူးလက်မှတ်၊ ဖုန်းနှင့် ခရီးဆောင်အိတ်တို့ကို သိမ်းဆည်းထားခဲ့ပြီး အေးဂျင့်ရုံးနေရာခြောက်နေရာသို့ တစ်နှစ်အတွင်း ပြောင်းရွှေ့နေထိုင်ခဲ့ရသော်လည်း အလုပ်အကိုင်မရခဲ့သောကြောင့် နောက်ဆုံးတွင် အေးဂျင့်ရုံးတစ်ခုမှ မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ ဆက်သွယ်အကြောင်းကြားပေးမှုဖြင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးက အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ရန် စာရွက်စာတမ်းများရရှိရေး တို့ကို စီစဉ် ဆောင်ရွက်ပေးခဲ့ရာ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခွင့်ရရှိခဲ့ပြီး ယမန်နေ့ ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် အခက်အခဲ ကြုံတွေ့ခဲ့ရမှုနှင့် စပ်လျဉ်း၍ မဇူးဇူးလှိုင်က "ကျွန်မက ပြည်ခရိုင် ပေါက်ခေါင်းမှာ နေပါတယ်။ အသက်က ၂၁ နှစ်ပါ။ ဒူဘိုင်းကို ရောက်တော့ လာခေါ်တဲ့အေးဂျင့်က အခန်းထဲပိတ်ထားတယ်၊ ဘယ်မှပေးမသွားဘူး။ နိုင်ငံကူးစာအုပ်၊ ဖုန်းနဲ့ ခရီးဆောင်အိတ်ကိုသိမ်းသွားတာ အခုပြန်တဲ့အချိန်အထိ မရခဲ့ပါဘူး။ အေးဂျင့်ရုံးနေရာ ခြောက်နေရာ ပြောင်းပြီး နေခဲ့ရပေမယ့် အလုပ်မရခဲ့ပါဘူး။ တစ်နှစ်နဲ့တစ်ပတ်ကြာခဲ့ပါတယ်။ အေးဂျင့်ရဲ့ အားနည်းမှုကြောင့် အလုပ်လုံးဝမရခဲ့တာပါ။ တာဝန်လည်းလုံးဝမယူပါဘူး။ ရန်ကုန်အေးဂျင့်ကို ဆက်သွယ်လို့ရပေမယ့် သူက ရန်ကုန်က ထွက်သွားကတည်းက ငါနဲ့မဆိုင်တော့ဘူးလို့ ပြောပါတယ်။ ဒူဘိုင်းကအေးဂျင့်ကလည်း နင်က ရန်ကုန်အေးဂျင့်ရဲ့လူ ငါတို့နဲ့မဆိုင်ဘူးလို့ ပြောတာကြောင့် အားကိုးလို့မရခဲ့ပါဘူး။ မြန်မာပြည်က သွားကြတဲ့အမျိုးသား၊ အမျိုးသမီး တော်တော်များများဟာ နောင်တရပြီး ပြန်လာကြတာများပါတယ်။ ကျွန်မအပါအဝင်ပါပဲ။ လုံးဝမသွားကြပါနဲ့လို့ ပြောချင်ပါတယ်။ အစားအစာဆိုရင် စားရတဲ့ရက်ရှိသလို မစားရတဲ့ရက်လည်းရှိတယ်။ အချို့ဟာတွေက မြန်မာအစားအစာလို မဟုတ်တော့ ဝလင်အောင်စားလို့ မရတာလည်းပါတယ်။ အားလုံးကူညီပေးခဲ့တဲ့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးက လူကြီးတွေနဲ့အစ်ကိုတွေ အားလုံးကို အလွန်ကျေးဇူးတင်ပါတယ်။ ကျွန်မတစ်ဦးတည်းကိုမှ မဟုတ်ပါဘူး။ သူတို့က အားလုံးကို နွေးနွေးထွေးထွေးနဲ့ ကူညီပေးခဲ့ကြတာပါ။ ကျေးဇူးကြီးလှပါတယ်။ နိုင်ငံတော်အစိုးရက တာဝန်ရှိသူတွေနဲ့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးက ကူညီပေးခဲ့သူအားလုံးကို အထူးကျေးဇူးတင်ပါတယ်ရှင်"ဟု ပြောသည်။

ယူအေအီးနိုင်ငံတွင် အခက်အခဲများကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးက ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ထိုနိုင်ငံတွင် အလုပ်လုပ်ကိုင်စဉ် အလုပ်ရှင်နှင့် အဆင်မပြေမှုဖြစ်ပေါ်ပါက မြန်မာပွဲစားများက တာဝန်ယူဖြေရှင်းပေးမှု မရှိသည့်အပြင် ဒူဘိုင်းအေဂျင်စီရုံးများနှင့် အလုပ်ရှင်တို့က နိုင်ငံကူးလက်မှတ်များကို သိမ်းဆည်းထားခြင်း၊ ပွဲစားများက အေဂျင်စီရုံးအဆင့်ဆင့်ထံ လက်လွှဲ အသုံးချခြင်းတို့ကို ကြုံတွေ့ကြရလျက်ရှိရာ မြန်မာနိုင်ငံ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ကလည်း အရှေ့အလယ်ပိုင်းနိုင်ငံများကို နှစ်နိုင်ငံသဘောတူညီချက်အရ တရားဝင်အလုပ်လုပ်ကိုင်ရန် စေလွှတ်မှုမရှိကြောင်း၊ မြန်မာအမျိုးသမီးများအား အဆိုပါနိုင်ငံတွင် အိမ်အကူအလုပ်လုပ်ရန်အတွက် တရားမဝင် အလုပ်လုပ်ကိုင်ရှာဖွေရေး အေဂျင်စီများက လိမ်လည်ပို့ဆောင်လျက်ရှိကြောင်း၊ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်ပါက သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေ ပြဋ္ဌာန်းချက်များအတိုင်း အရေးယူခံရမည့်အပြင် အခြားမမျှော်မှန်းနိုင်သော အန္တရာယ်များ၊ လူကုန်ကူးခံရနိုင်သည့် အခြေအနေများနှင့်ကြုံတွေ့နိုင်ကြောင်း၊ ရေမခြား၊ ယဉ်ကျေးမှုမတူသည့် ပတ်ဝန်းကျင်တွင် မျက်နှာငယ်ရမည့်အပြင် မြန်မာနိုင်ငံသံရုံးမရှိသည့် နေရာများသို့ ရောက်ရှိနေပါက အကူအညီရရှိရန် အခက်အခဲရှိနိုင်ကြောင်းနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ သွားရောက်ကြမည့်သူများအနေဖြင့် မိမိသွားမည့်ဒေသ၏ အခြေအနေမှန်အား လေ့လာသိရှိထားရန် လိုအပ်ကြောင်း အကြံပြုအသိပေးထုတ်ပြန်ထားသည်။

နိုင်ငံတော်အစိုးရ တာဝန်ယူစဉ်ကာလတွင် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာသံရုံးမှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည် ခေါ်ဆောင်နိုင်ခဲ့ကြပြီး ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့်မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူး တင်လျက်ရှိကြောင်း သိရသည်။ **ညီမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**

# ချောင်းဆုံမြို့နယ်၌ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများတင်ခြင်းနှင့် ပတ်သက်၍ အသိပညာပေးဟောပြော

**ချောင်းဆုံ ဇူလိုင် ၁၅**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများတင်ခြင်း၊ မဖွယ်မရာတင်ခြင်း၊ နိုင်ငံရေးအရ တိုက်ခိုက်ပြောဆိုခြင်းအပေါ် ဥပဒေကြောင်းအရ တားမြစ်အရေးယူခံရမည်ဖြစ်ကြောင်း အသိပညာပေးဟောပြောပွဲကို မြို့နယ်ရဲတပ်ဖွဲ့က ယနေ့နံနက် ၁၀ နာရီတွင် ချောင်းဆုံအနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



အသိပညာပေးဟောပြောပွဲတွင် ချောင်းဆုံမြို့မရဲစခန်းမှူး ဒုရဲမှူးကိုကိုမင်းထွန်းက ဒေသခံပြည်သူများအနေဖြင့် သတင်းတု၊ သတင်းမှားများကို သိရှိနိုင်သည့်နည်းလမ်းများ၊ သတင်းတု၊ သတင်းမှားများနှင့် ပတ်သက်၍ ဖြစ်ပေါ်လာနိုင်သောအန္တရာယ်များ၊ အင်တာနက်အသုံးပြုရာတွင် မဖွယ်မရာတင်ခြင်း၊ တိုက်ခိုက်ပြောဆိုခြင်းစသည့် တည်ဆဲဥပဒေများအရ တားမြစ်အရေးယူခြင်းခံရနိုင်သည့် အကြောင်းအရာများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၆-၇-၂၀၂၄ အင်္ဂါနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ မောရ်္ဂသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၅ လူမှုပတ်ဝန်းကျင်အတွက်ကောင်းကျိုးပြုရာ (နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာ)
- ၀၉:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၀၉:၄၀ Sports Diary
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ ပြုပြင်ရှုမြင်မြန်ပြည်တစ်ခွင်
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ (ဖိလစ်ပိုင်) **'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး'** (အပိုင်း-၈)
- ၁၃:၃၀ MRTV National News
- ၁၅:၃၀ Weekly MNL Review
- ၁၆:၅၀ ကမ္ဘာတစ်လွှား အနုပညာသတင်းများ
- ၁၇:၁၀ ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
- ၁၇:၃၀ "တုနှိုင်းမဲ့သောအာဇာနည်၏မွေးဖွားရာ..." (နတ်မောက်နေအိမ်)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၄၀ ပြည်ချစ်သားမွန်တေးသဂင်္ဂီ
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ (ဖိလစ်ပိုင်) **'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး'** (အပိုင်း-၁၀)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၅ ပြည်ချစ်သားမွန်တေးသဂင်္ဂီ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ (တရုတ်) **'တောက်ပသောငနှရက်များဆီသို့'** (အပိုင်း-၂၉)
- ၂၂:၁၅ မြန်မာဇာတ်လမ်းတွဲ **'လျှို့ဝှက်လရောင်'** (အပိုင်း-၁၈)

### mitv

- 07:02 Evergreen Classic: Aung Chin Shit Par (Tekkatho Lei Lei, Sein Lei Lei, Thae Nu Wah, Nyo Win Pe) (Full Moon Day of Kahsone)
- 07:13 The Art of Taxidermy: U Myo Naing
- 07:24 Tha Khut Flowers Salad (Rakhine Style)
- 07:36 Myanmar Guitarist
- 08:01 News
- 08:26 Topics Potpourri; Hop Cultivation in Innovating Indoor Farm
- 08:32 Thatbyinnyu Temple
- 08:45 Popsicle Sticks Art Creator
- 09:01 Topical Science Topic (Current Life Expectancy and Longevity)
- 09:27 People's Military Service Law 4
- 09:33 Listening Pleasure, Instrumental Music (Don Min) Kyay Say Ta Man (Love Messenger)
- 09:46 Ecotourism: Tour to explore
- 10:01 News
- 10:26 Lifestyle & Entertainment (Weekly Updates)
- 10:35 The Great Collector: Myanmar Antique Furniture and Handicraft

### MRTV NRC

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)** "သုတို့ဒေသသုတို့ဘဝ"(ဗန်းမော်မြေမှရှမ်းရိုးရာ)

**ဝ (၀၈:၀၀ မှ ၁၀:၀၀)** ကျန်းမာရေးအတွက်ဆေးကုသနည်း

**ကချင် (၁၀:၀၀ မှ ၁၂:၀၀)** 2021 Manau Tswam Shayi (Part-2)

**ကယား (၁၂:၀၀ မှ ၁၄:၀၀)** သွားကိုက်ပျောက်စေတဲ့နည်း

**ပအိုဝ်းကရင် (၁၄:၀၀ မှ ၁၅:၀၀)** ကရင်တိုင်းရင်းသားတို့ရဲ့ချစ်စရာရိုးရာအိမ်ကလေး

**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)** အနောက်တောင်အရပ်ကကျွန်းမြို့ဆီသို့

**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)** ထိန်းသိမ်းစိုလေဘိုးဘွားအမွေ

**ချင်း (လိုင်းဇိုး) (၁၇:၀၀ မှ ၁၈:၀၀)** သစ်သီးအသီးအထပ်များ(အပိုင်း-၂)

**ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀)** မိုးတွင်းညထွက်သား/ငါးရှာဖွေခြင်း

**မွန် (၁၉:၀၀ မှ ၂၁:၀၀)** သံတော်ရှင်ကျိုက်ထီးရိုး

**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)** ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၁)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၇:၄၅ နိုင်ငံတကာစီးပွားရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၈:၄၅ ECONOMIC REVIEW
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၉:၄၅ Save Our Planet Program
- ၁၀:၄၅ အသိပညာနှင့်အမှန်တရား "လူငယ်နှင့်ကျင့်ဝတ်"
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (အစ္စရေးနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "တောင်းပန်ပါတယ်"
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဆွစ်ဇာလန်နိုင်ငံ)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇာလန်နိုင်ငံ)
- ၁၁:၃၀ "ရှေ့သို့ချီမည်....ပန်းတိုင်ဆီ" (အပိုင်း-၂၅)

### MRTV FARMERS' / H TV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ MSME လုပ်ငန်းစွမ်းအားနိုင်ငံ့စီးပွားအင်အား
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ Planet 1 (ကမ္ဘာ့ဂြိုလ်)
- ၂၂:၀၀ ဠ (ဇာတ်လမ်း)
- ၂၃:၃၀ A Complete Guide to Digging & Planting Your First Vegetable Garden: Tomatoes, Peppers & Herbs

### MRTV SPORTS / H TV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ E Sports

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် အုန်းတွဲကျေးရွာစာကြည့်တိုက်အဆောက်အအုံ ပန္နက်တော်တင်အခမ်းအနား တက်ရောက်

မကွေး ဇူလိုင် ၁၅

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အုန်းတွဲကျေးရွာတွင် နိုင်ငံတော်လှူဒါန်းထောက်ပံ့ငွေဖြင့် ဆောက်လုပ်မည့် ကျေးရွာစာကြည့်တိုက်အဆောက်အအုံ ပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို ဇူလိုင် ၁၄ ရက်က အဆိုပါစာကြည့်တိုက်မြေနေရာတွင် ကျင်းပသည်။



## ပန္နက်စိုက်ထူ

ဦးစွာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးဝန်ကြီးများဖြစ်ကြသည့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းသိန်း၊ လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူဦးနှင့် တာဝန်ရှိသူများက ပန္နက်တော်တင် မင်္ဂလာပြုလုပ်ရန်အတွက် သတ်မှတ်နေရာအသီးသီးတွင် နေရာယူပြီး မင်္ဂလာအချိန်ကျရောက်သည့်နှင့် တစ်ပြိုင်နက် ရတနာပန္နက်တော်ကိုးချက်စိုက်ထူ၍ အမွှေးနံ့သာရည်များ ပက်ဖျန်းခဲ့သည်။

ဆက်လက်၍ ကျေးရွာဓမ္မာရုံတွင် ဒေသခံပြည်သူများနှင့်တွေ့ဆုံရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသခံပြည်သူများနှင့် ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများ စာကြည့်တိုက်ကို အသုံးပြုသည့် အလေ့အထကောင်းများရှိလာစေရေး တွန်းအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်အစိုးရက မကွေးတိုင်းဒေသကြီးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေအဖြစ် ငွေကျပ် ၁၅ ဘီလီယံကို ထုတ်ပေးထားပြီးဖြစ်သောကြောင့် ဒေသခံတောင်သူများကို အရင်းမပျောက် မတည်ရန်ပုံငွေအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍနှင့် လုပ်ငန်းအမျိုးအစားအလိုက် အတိုးသက်သာသောနှုန်းထားဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဒေသခံပြည်သူများက စာသင်ကျောင်းဆောင်သစ် ထပ်မံတည်ဆောက်ပေးရေး၊ လျှပ်စစ်မီးရရှိရေး၊ စိုက်ပျိုးရေရရှိရေးနှင့် အခြားဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအား တင်ပြတောင်းခံရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# သန်လျင်မြို့နယ်၌ ရေသန့်စက်ရုံများနှင့် အခြေခံပညာကျောင်းများအား ကြည့်ရှုစစ်ဆေး

သန်လျင် ဇူလိုင် ၁၅

သန်လျင်မြို့နယ်အတွင်း မိုးရာသီကာလတွင် ဖြစ်ပွားမှုများပြားနိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရေသန့်စက်ရုံများနှင့် အခြေခံပညာကျောင်းများအား ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း လာရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ သန်လျင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရှင်စောပုခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးအား သန်လျင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းက ခရိုင်အတွင်းရှိမြို့နယ်များတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုများ၊ သန်လျင်ခရိုင် အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာချောနန္ဒီနှင့် ခရိုင်နှင့်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရပ်ကွက်ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးသည် သန်လျင်မြို့နယ်အတွင်းရှိ ရေသန့်စက်ရုံများ၊ အခြေခံပညာကျောင်းများသို့ သွားရောက်၍ ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေး အထူးအလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။ ထို့နောက်တိုင်းဒေသကြီးဝန်ကြီးသည် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ပိုးတွေ့လူနာ၏ နေအိမ်သို့သွားရောက်၍ မိသားစုအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်ဝင်းတင်

# ဒဂုံမြို့နယ်၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြော

ဒဂုံ ဇူလိုင် ၁၅

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ နံရံကပ်ပြပွဲနှင့် စာအုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်း ဦးဘလွင်ခန်းမ၌ ကျင်းပသည်။



အဆိုပါ ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီးဦးကိုကိုနိုင်က အဖွင့်အမှာစကားပြောကြားပြီး အထက(၂) ကျောင်းသား ကျောင်းသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှဲ့လှဲ့အေးက ဗိုလ်ချုပ်အောင်ဆန်း၏ ဂုဏ်ထူးဝိသေသများနှင့် အနာဂတ်လူငယ်များအတွက် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန်နှင့် နိုင်ငံကိုချစ်မြတ်နိုးသော အာဇာနည်စိတ်ဓာတ်အကြောင်းကိုဟောပြောခဲ့သည်။

လှဲ့လှဲ့(ပြန်/ဆက်)

# မှော်ဘီမြို့နယ်၌ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

မှော်ဘီ ဇူလိုင် ၁၅

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို ယနေ့နံနက် ၈ နာရီက မှော်ဘီမြို့မဈေးနှင့် အင်းလျက်ကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများထံသို့ ကွင်းဆင်းအသိပညာပေး ဆောင်ရွက်လျက်ရှိသည်။

## အသိပညာပေး

ထိုသို့ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ မှော်ဘီခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးကြည်နိုင်၊ မှော်ဘီမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်၊ အဖွဲ့ဝင်(၂)ဦးဝင်းစိုး၊ မှော်ဘီမြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာစောမြထွန်းနှင့် ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရပ်ကွက်များတွင် ဖြစ်ပွားနေသော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ဆောင်ရန်/ရှောင်ရန်များ အသိပညာပေးပြောကြားခြင်း၊လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း၊ အသိပညာပေးဗီနိုင်းများ ချိတ်ဆွဲပေးခြင်း၊ အစာမစားမီနှင့် အိမ်သာမှဆင်းလျှင် လက်ကိုဆပ်ပြာဖြင့်စင်ကြယ်စွာ ဆေးကြောရန်နှင့် ရေစည်ရေအိုးများအတွင်း ကလိုရင်းဆေးခတ်ခြင်း၊ ထုံးမှုန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝင်းဇော်(မှော်ဘီ)



# တောင်ငူခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ လူငယ်စကားဝိုင်း ကျင်းပ

တောင်ငူ ဇူလိုင် ၁၅

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ဦးစွာ တောင်ငူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။ ထို့နောက် လူငယ်စကားဝိုင်းကို စတင်ကျင်းပရာ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးက စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်ပြီး တောင်ငူမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများက "လူငယ်နှင့်ကျန်းမာရေး"၊ "လူငယ်နှင့် စာရိတ္တ"၊ " လူငယ်နှင့် စာဖတ်ခြင်း"၊ "လူငယ်နှင့် မူးယစ်ဆေး" စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

ခရိုင်(ပြန်/ဆက်)



## ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး၌ Bakery အမျိုးမျိုးထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် Bakery အမျိုးမျိုးထုတ်လုပ်မှုနည်းပညာသင်တန်းကို ဇူလိုင် ၁၅ ရက်က မြောက်ဥက္ကလာပမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနရုံး၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းက အသေးစား၊ အငယ်စား၊ စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေး၊ စီမံကိန်းလုပ်ငန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းထူထောင်နိုင်ရန် လိုအပ်သော စက်ပစ္စည်းများနှင့် ကုန်ကြမ်းများ ထောက်ပံ့ပေးမည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် Bakery အမျိုးမျိုး ထုတ်လုပ်မှုနည်းပညာများကို ခုနစ်ရက်ကြာ စာတွေ့ ၃၀ ရာခိုင်နှုန်းနှင့် လက်တွေ့ ၇၀ ရာခိုင်နှုန်း သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ဇင်မင်းထိုက်**

## မွန်ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဥပဒေရုံးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မော်လမြိုင် ဇူလိုင် ၁၅

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဥပဒေရုံးများ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက ပြည်နယ်ဥပဒေချုပ်ရုံး၌ ကျင်းပသည်။

**သိရှိလိုက်နာ**

ဦးစွာ ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်က ဥပဒေအရာရှိများသည် နိုင်ငံ့ဝန်ထမ်းဖြစ်သည်နှင့် အညီ နိုင်ငံတော်အပေါ် သစ္စာစောင့်သိပြီး နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ လမ်းညွှန်ချက်များကို သိရှိလိုက်နာကြရမည် ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည်ခွင့်ပြုချက်မရရှိဘဲ ရုံးစိုက်ရာဒေသမှ ထွက်ခွာခြင်းမပြုရန်၊ မိမိတာဝန်ထမ်းဆောင်ရာဒေသတွင် ဖြစ်ပွားသည့် သဘာဝဘေးအန္တရာယ်ကျရောက်မှု၊ လုံခြုံရေးကျိုးပေါက်မှု ဖြစ်စဉ်များ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ထူးခြားဖြစ်စဉ်များကိုလည်း အချိန်နှင့် တစ်ပြေးညီ တင်ပြသွားကြရန်နှင့် မိမိတို့ ဥပဒေရေးရာ ဝန်ကြီးဌာနသည် ပြည်သူကို ဥပဒေပညာဖြင့် ဝန်ဆောင်မှုပေးနေသည့် ဌာနဖြစ်သည့်အားလျော်စွာ ပြည်သူများအား ဝန်ထုပ်ဝန်ပိုး မဖြစ်စေရေးအတွက် အဂတိတရားကင်းရှင်းစွာဖြင့် မိမိတို့တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် လိုအပ်ကြောင်း၊ သို့မှသာ ကျင့်ဝတ်သိက္ခာနှင့် ပြည့်စုံပြီး ယုံကြည်အားထားရသောဥပဒေအရာရှိများ ဖြစ်လာစေရေး ကြိုးပမ်းသွားကြရန် မိမိတို့၏ လုပ်ငန်းတာဝန်များကို တည်ဆဲဥပဒေများနှင့် အညီ ရိုးသားဖြောင့်မတ်စွာ၊ စည်းလုံးညီညွတ်စွာ၊ သစ္စာရှိစွာ လုပ်ဖော်ကိုင်ဖက်များနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်နယ်/ခရိုင်/မြို့နယ်ဥပဒေအရာရှိများက မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ အခက်အခဲများ၊ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဥပဒေချုပ်က လိုအပ်သည်များကို ဖြည့်စွက်၍ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**





○ ကျောဖုံးမှ

အုပ်စုအဖွင့်ပွဲအဖြစ် ဇူလိုင် ၁၇ ရက်တွင် တီမောအသင်းနှင့် ကမ္ဘောဒီးယားအသင်း၊ အင်ဒိုနီးရှားအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဇူလိုင် ၁၈ ရက်တွင် ဗီယက်နမ်အသင်း၊ ဇူလိုင် ၂၁ ရက်တွင် လာအိုအသင်း၊ ဇူလိုင် ၂၄ ရက်တွင် ဩစတြေးလျအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၉ အသင်းကို နည်းပြချုပ်အဖြစ် ဦးအောင်နိုင်က ကိုင်တွယ်နေပြီး ဇူလိုင် ၁၆ ရက်တွင် အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ယခုနှစ်ဆန်းပိုင်းကတည်းက စခန်းဝင်လေ့ကျင့်ခဲ့ပြီး မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများနှင့် ခြေစမ်းကစားခဲ့ကာ မေလနောက်ဆုံးပတ်က တရုတ်နိုင်ငံသို့ သွားရောက်၍ တရုတ် ယူ-၁၉ အသင်းနှင့်လည်း ခြေစမ်းပွဲ နှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့သည်။

**ကိုညီလေး၊ ဓာတ်ပုံ - MFF**

## လယ်ယာသုံး စက်ကိရိယာပစ္စည်းများ အသုံးပြုနည်း၊ ပြုပြင်နည်း သင်တန်းဖွင့်လှစ်

မြောင်းမြ ဇူလိုင် ၁၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်တွင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဧရာဝတီတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ လယ်ယာသုံးစက်ကိရိယာပစ္စည်းများ အသုံးပြုနည်း၊ ပြုပြင်နည်း သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက မြောင်းမြမြို့ အမှတ်(၃၈) စက်မှုလယ်ယာစခန်း၌ ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးနိုင်က အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၃၈)စက်မှုလယ်ယာစခန်းမှ မြို့နယ်ဦးစီးမှူး ဦးထက်ခေါင်ဝင်းက သင်တန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းဒေသကြီးဦးစီးမှူးက သင်တန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို ဇူလိုင် ၁၅ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ထက်(ဧရာဝတီ)**

## မြိတ်မြို့၌ သစ်ပင်စိုက်ပျိုးပြုစု ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြော

မြိတ် ဇူလိုင် ၁၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲနှင့် မိုးရာသီသစ်ပင်စုပေါင်းစိုက်ပျိုးပွဲကို ယမန်နေ့က ကလွင်ကျေးရွာ အလက(ခွဲ)၌ သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ကြီး ဦးကျော်မြတ်စိုးက အဖွင့်အမှာစကားပြောကြားပြီး သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်လင်းက ဒီရေတောသစ်ပင်များ စိုက်ပျိုးပြုစုထိန်းသိမ်းရေးအကြောင်းအရာများနှင့် ဦးစီးအရာရှိ ဦးဝေယံမြင့်ချိုက မိုးရာသီသစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းရေးဆိုင်ရာ သိမှတ်ဖွယ်ရာများကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အသိပညာပေး ဟောပြောခဲ့ကြသည်။

ထို့နောက် ကျောင်းဝင်းအတွင်း သစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းရေးနည်းလမ်းများအား တောအုပ်ကြီး ဦးခင်စိုးက ကျောင်းသား ကျောင်းသူများအား လက်တွေ့သရုပ်ပြ ရှင်းလင်းပြောကြားပြီး စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**



## ကျောက်တန်းမြို့နယ် ပါဒါကြီးစံပြကျေးရွာ၌ အခြေခံစက်ချုပ်နည်းပညာသင်တန်း ဖွင့်လှစ်

ကျောက်တန်း ဇူလိုင် ၁၅

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ပါဒါကြီးစံပြကျေးရွာ၌ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံစက်ချုပ်နည်းပညာသင်တန်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် ကျောက်တန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်က အဖွင့်အမှာစကားပြောကြားပြီး သန်လျင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဇင်အေးက သင်တန်းဖွင့်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၁၅ ရက်မှ ဩဂုတ် ၁၃ ရက်အထိ သင်တန်းသူ ၁၅ ဦးဖြင့် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင်ထွန်း (ကျောက်တန်း)**

# ဥယျာဉ်ကျေးရွာ၌ သကြားပြောင်းဖူးများ လှိုင်လှိုင်ထွက်ပေါ်



**မကွေး ဇူလိုင် ၁၅**

မကွေးတိုင်းဒေသကြီး အထက်မင်းလှ မြို့နယ် ပန်းတော်ပြင်ကျေးရွာအုပ်စု ဥယျာဉ်ကျေးရွာသည် စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်ကာ နှမ်း၊ ကုလားပဲ၊ စားတော်ပဲ၊ ပဲကြီး၊ ကြက်သွန်နီ၊ ဝါ၊ နေကြာနှင့် အခြား မီးဖိုချောင်သုံး သီးနှံများကို ရာသီအလိုက် စိုက်ပျိုးကြပြီး ပြောင်းသီးနှံများကိုလည်း စိုက်ပျိုးကြကြောင်း သိရသည်။

ပြောင်းသီးနှံကို မေလတွင် စတင် စိုက်ပျိုး၍ ဇူလိုင်လတွင် ထွက်ပေါ်လျက်ရှိပြီး မျိုးအနေဖြင့် သကြားပြောင်းနှင့် ပြောင်းစီး မျိုးများကို စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုး ထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧက လျှင် စုစုပေါင်း ငွေကျပ် ၈၄၀၀၀၀ ခန့် ကုန်ကျ ကြောင်း၊ လက်ရှိအချိန်တွင် သကြားပြောင်း များ လှိုင်လှိုင်ထွက်ပေါ်လျက်ရှိပြီး အထွက် နှုန်းအနေဖြင့် တစ်ဧကလျှင် သကြား ပြောင်းဖူး အရေအတွက် အဖူး ၉၀၀၀ ကျော် ထွက်ရှိကြောင်း၊ ဈေးနှုန်းဈေးကွက်အနေဖြင့် ပြောင်းဖူး အကြီးအသေးအလိုက် လက်ကား ဈေး တစ်ဖူးလျှင် ငွေကျပ် ၃၀၀-၃၅၀ ဖြင့် ရောင်းချရပြီး အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် သိန်း ၂၀ ခန့် ရရှိ ကြောင်း၊ ဈေးကွက်အနေဖြင့် ဥယျာဉ် ကျေးရွာမှ ထွက်ရှိသော သကြားပြောင်းများကို အထက်မင်းလှမြို့နှင့် မင်းလှ-သရက်-မလွန် ကားလမ်းမဘေးရှိ ပြောင်းဖူးဒိုင်များသို့ တင်ပို့ ရောင်းချရကြောင်း သိရသည်။

## ဝက်လက်မြို့နယ် နှမ်းသီးနှံဈေးနှုန်းဈေးကွက်

**စစ်ကိုင်း ဇူလိုင် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်၌ စိုက်ပျိုးရေး လုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပြီး နွေသီးနှံစိုက်ပျိုးရာတွင် နှမ်းအနက်ကို အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ဧပြီလတွင် ကြဲပက်စနစ်ဖြင့် စတင်စိုက်ပျိုးပြီး ဇွန်လတွင် ထွက်ပေါ် လေ့ရှိကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ သွင်းအားစု၊ ရိတ်သိမ်းခနှင့် လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၉၃၀၀၀၀ ခန့်ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၀-၁၅ တင်းခန့်ထွက်ရှိရာ တောင်သူတစ်ဦးချင်းစီ၏ သွင်းအားစုသုံးစွဲမှု၊ စိုက်ခင်းပြုစုပျိုးထောင်မှု မတူညီခြင်းကြောင့် အထွက်နှုန်း ကွာခြားမှုရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် နှမ်းအနက်တစ်တင်းလျှင် ငွေကျပ် ၁၅၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တစ်ဧက အကျိုးအမြတ်မှာ ၁၀ တင်းနှုန်းဖြင့် တွက်ချက်ပါက ငွေကျပ် ၅၇၀၀၀၀ ခန့်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဝက်လက်မြို့နယ်မှ ထွက်ရှိ သောနှမ်းများကို ရွှေဘိုမြို့နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချ လျက်ရှိကြောင်း သိရသည်။



## ကန့်ဘလူခရိုင်၌ ကွမ်းဈေးနှုန်းကျဆင်း၍ အရောင်းအဝယ်ဖြစ်



**ကန့်ဘလူ ဇူလိုင် ၁၅**

စစ်ကိုင်း တိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ စိုက်ပျိုးရေး လုပ်ငန်းများ လုပ်ကိုင်ကြပြီး ကွမ်းများကို ယာကွက်များ၌ လည်းကောင်း၊ နေအိမ်ခြံဝင်းများ၌လည်းကောင်း စိုက်ပျိုးကြသည်။

**အရောင်းအဝယ်ဖြစ်**

ကန့်ဘလူခရိုင်အတွင်း ဖြစ်ပေါ် နေသော ကွမ်းဈေးနှုန်းများ အနေဖြင့် အရည်အသွေးအပေါ် မူတည်၍ ဇူလိုင်လ ဒုတိယ ပတ်တွင် ကွမ်းရွက် (ရှယ်) တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ဖြင့်လည်းကောင်း၊ ကွမ်းရွက် (ရိုးရိုး) တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ် ဖြစ်လျက် ရှိကြောင်း၊ ဈေးကွက် အနေဖြင့် ကန့်ဘလူမြို့နယ်မှ ထွက်ရှိ သော ကွမ်းရွက်များကို ကန့်ဘလူ မြို့၊ ကျွန်းလှမြို့နှင့် မန္တလေးမြို့ တို့သို့ တင်ပို့ရောင်းချလျက်ရှိပြီး ဇွန်လ နောက်ဆုံးပတ်၌ အရောင်းအဝယ် ဖြစ်သည့် ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ဇူလိုင်လ ဒုတိယပတ်တွင် ကွမ်းဈေးနှုန်းများ ကျဆင်း၍ အရောင်းအဝယ် ဖြစ်လျက် ရှိကြောင်း သိရသည်။

## မအူပင်မြို့ရှိ ငရုတ်စိုက်တောင်သူများ အကျိုးအမြတ်ရရှိ

**မအူပင် ဇူလိုင် ၁၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ငရုတ်သီးနှံကို နှစ်စဉ် စိုက်ပျိုးကြပြီး မိုးကြိုငရုတ်၊ မိုးရာသီငရုတ်နှင့် ဆောင်းငရုတ်ဟူ၍ တစ်နှစ်ပတ်လုံး စိုက်ပျိုးကြကြောင်း၊ မိုးကြိုငရုတ်ကို မတ်လနှင့် ဧပြီလ တို့တွင် စိုက်ပျိုးပြီး ဇွန်လတွင် စတင်ခူးဆွတ်ရကြောင်း၊ ဈေးနှုန်း ဈေးကွက်အနေဖြင့် ငရုတ်သီးစိမ်းတစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ ဖြင့် ဒေသတွင်း၌ အဓိကထားရောင်းချ၍ ပိုလျှံသည့်ငရုတ်သီးများကို ရန်ကုန်မြို့ သီရိမင်္ဂလာဈေးနှင့် ကြည့်မြင်တိုင်ဈေးတို့သို့ တင်ပို့ ရောင်းချကြ ကြောင်း၊ ငရုတ်စိုက်ပျိုးရာတွင် ကုန်ကျစရိတ်သက်သာပြီး အထွက်နှုန်းနှင့် ဈေးနှုန်းများကောင်းမွန်၍ အကျိုးအမြတ်ရရှိသည့် အတွက် ငရုတ်စိုက်တောင်သူများအနေဖြင့် ငရုတ်သီးနှံကို တိုးချဲ့ စိုက်ပျိုးကြကြောင်း သိရသည်။



## သတင်းရင်းမြစ် - စီးပွား/ကူးသန်း

### ၁၅-၇-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်း) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | ၆၅၆၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | - | ၁၇၅၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၄၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၂၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၆၀၀ | ၉၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၃၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၁၅၅၀၀ | ၆၁၅၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၅ | မော်လမြိုင် | ၃၀၀၀ | | ၅၀၀၀ | ၁၇၀၀၀ | ၆၀၆၀ | ၉၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၄၂၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၆ | ထားဝယ် | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၆၃၁၅ | ၁၁၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၇ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၆၅၀၀ | ၆၄၀၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၄၅၀၀ | ၁၀၀၀၀ | ၁၀၀၀ | ၈၈၀၀ | ၆၅၀၀ | ၆၀၀၀ | ၃၃၀၀ | ၅၁၀၀ | ၁၇၅၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၈ | ရန်ကုန် | ၃၂၀၀ | | ၅၄၀၀ | ၁၈၀၀၀ | ၅၈၁၅ | ၁၀၀၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၃၀၀ | ၇၀၀၀ | ၄၅၀၀ | ၅၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၉ | ပုသိမ် | ၃၂၀၀ | | ၅၀၀၀ | ၁၆၀၀၀ | ၆၀၅၀ | ၅၅၀၀ | ၂၄၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၃၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၀ | ဟားခါး | | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၇၀၀၀ | | ၂၂၀၀၀ |
| ၁၁ | မုံရွာ | ၃၅၅၀ | ၃၀၀၀ | ၆၁၀၀ | ၁၅၀၀၀ | ၆၆၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၈၃၀၀ | ၅၀၀၀ | ၂၄၀၀ | ၄၈၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၂ | မန္တလေး | ၃၂၀၀ | | ၅၉၀၀ | ၁၆၅၀၀ | ၆၂၆၅ | ၁၁၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၂၀၀ | ၆၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၂၀၀၀ |
| ၁၃ | ပခုက္ကူ | ၃၂၀၀ | | ၅၈၀၀ | ၁၅၀၀၀ | ၆၃၀၀ | ၁၁၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၈၅၀၀ | ၇၅၀ | ၈၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၄ | မကွေး | ၃၃၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၆၁၀၀ | ၁၁၀၀၀ | ၂၃၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၄၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၅ | ပြည် | ၃၀၀၀ | | ၅၃၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၄၂၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၄၀၀၀ | ၅၉၀၀ | ၈၅၀၀ | ၂၆၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀ | ၇၄၀၀ | ၆၃၀၀ | ၅၀၀၀ | ၃၆၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၇ | ပျဉ်းမနား | ၃၀၀၀ | | ၆၃၀၀ | ၁၅၈၀၀ | ၆၁၇၀ | ၁၂၀၀၀ | ၂၄၀၀ | ၁၂၈၀၀ | ၁၃၄၀၀ | ၇၂၀၀ | ၈၅၀၀ | ၅၀၀ | ၈၂၀၀ | ၆၄၀၀ | ၆၂၀၀ | ၃၆၀၀ | ၅၂၀၀ | ၁၂၈၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၁၈၀၀ |
| ၁၈ | နေပြည်တော် | ၃၀၀၀ | | ၆၃၀၀ | ၁၆၂၀၀ | ၆၁၇၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၃၅၀၀ | ၁၃၈၀၀ | ၇၅၀၀ | ၉၂၀၀ | ၅၀၀ | ၈၄၀၀ | ၆၄၀၀ | ၆၅၀၀ | ၃၈၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၉ | ကလေး | ၃၅၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၁၁၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၆၅၀၀ | ၁၂၅၀၀ | ၁၃၀၀ | ၉၀၀၀ | ၈၃၀၀ | ၄၅၀၀ | ၅၀၀၀ | ၄၇၀၀ | ၂၁၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |

မှတ်ချက်။

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ကျောက်မြောင်းလမ်း၊ အမှတ် (၁၀၉) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက် အမှတ် (၃-စီ-၁-N)၊ မြေကွက်အမှတ် (၂၂-အေ)၊ အကျယ်အဝန်း (၃၇x၆၀) ပေ၊ ဧရိယာ (၀. ၀၅၁) ဧကရှိ နှစ်(၉၀) (သက်ကုန်) ဂရန်မြေကွက်၏ မြေအကျိုးခံစားခွင့်တို့ကို **ဦးကျော်စိန်ထွန်း [၁၂/လမန(နိုင်)၁၃၃၁၀၉၆]** မှ (၁၆-၆-၂၀၂၄) ရက်စွဲပါ **"မြေအကျိုးခံစားခွင့် အပြီးအပိုင်အရောင်းအဝယ်စာချုပ်"** ဖြင့် တရားဝင်ဝယ်ယူ ပိုင်ဆိုင်ခဲ့ပြီး ဖြစ်ပါသည်။ **[ယင်းမြေကွက်ပေါ်ရှိ (၃) ခန်းတွဲ (၂)ထပ် အဆောက်အဦ၏ အပျောက်အခန်း (၆) ခန်း မပါဝင်ပါ။]**

အထက်ပါ (၃)ခန်းတွဲ (၂)ထပ်တိုက် အဆောက်အဦ နှင့် ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ **ဦးကျော်စိန်ထွန်း**မှ အိမ်လခကောက်ခံခြင်း၊ အမည်ပြောင်းခြင်း၊ စီမံခန့်ခွဲခြင်းတို့ကို ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးထွန်းသူအောင်(LL.B)** **ဒေါ်နီနီဝင်း (LL.B)** **ဒေါ်နှင်းဝေလွင် (LL.B)**
**(စဉ်-၅၅၇၆၄)** **(စဉ်-၅၁၇၁၈)** **(စဉ်-၅၄၃၀၅)**
**အထက်တန်းရှေ့နေများ**
**အမှတ်- ၃၆၊ မြေညီထပ်၊ ၈၉-လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉- ၅၀၈၈၆၀၅၊ ၀၉-၇၈၀၀၅၄၀၆၀**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘွတ်ကြီးကျေးရွာရပ်ကွက်၊ ရွာမြောက်ပိုင်းပတ်လမ်း၊ ဦးပိုင်အမှတ်- (N-၆)၊ ကွင်းအမှတ် (၅၂၃) ဟုခေါ်တွင်သော အကျယ်အဝန်း (၅၈x၁၃၀)ပေအနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (၅၇x၈၀)ပေရှိ ရွာမြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို **ဦးအေးလွင်**မှ အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ **ဦးသူရမင်းလှိုင် [၁၂/မဂတ(နိုင်)၀၀၂၈၂၈]**က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း (မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးထွန်းသူအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၇၆၄)**
**အမှတ်(၃၆)၊ မြေညီထပ်၊ (၈၉)လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉- ၅၀၈၈၆၀၅၊ ၀၉- ၇၈၀၀၅၄၀၆၀**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ယခင်-တောင်ပိုင်းခရိုင်၊ ယခု-တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း၊ ပြန်လည်နေရာချထားပေးသည့် အုပ်စု RA-2၊ အကွက်အမှတ် (တ-၀၂)ရှိ တစ်ကွက်လျှင် (၄၀'x၆၀') အကျယ်အဝန်းစီရှိသော ယာယီမြေပေးမိန့်အမှတ် (၁၃၃၄/၁၃-၂-၂၀၂၀)ဖြင့် မြေကွက်အမှတ် (၁၂၉၁)၊ ယာယီမြေပေးမိန့်အမှတ် (၁၃၃၅/၁၃-၂-၂၀၂၀)ဖြင့် မြေကွက်အမှတ် (၁၂၉၂)၊ ယာယီမြေပေးမိန့်အမှတ် (၁၃၃၆/၁၃-၂-၂၀၂၀)ဖြင့် မြေကွက်အမှတ် (၁၂၉၃) မြေကွက် (၃)ကွက်သည် ဦးဟံထွန်း [၁၂/တတန(နိုင်) ၀၇၅၁၃၅] အမည်ပေါက် ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး၊ အဆိုပါမြေကွက် (၃)ကွက်နှင့် ယင်းမြေကွက်များ ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် ၎င်းမှ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ အဆိုပါသတ်မှတ်ရက်ကျော်လွန်ပါက မြေကွက် (၃) ကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးလှဝေ (စဉ်-၇၁၂၄)** **ဒေါ်ဘီဘီသိန်း (ခ) ဒေါ်ဘေဘီ (စဉ်-၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၅၁၄၄၄၀၁၊ ၀၉-၇၇၅၁၄၄၄၀၂**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ရွှေအုန်းပင်အိမ်ရာ၊ တိုက်အမှတ်(၂၀)၊ အခန်း (၄၃)အား မူလအမည်ပေါက် ဒေါ်စံပယ် [၁၂/ရကန(နိုင်)၀၁၈၄၅၇]ထံမှ ဒေါ်စဝ်နန္ဒာ[၁၃/တကန(နိုင်) ၁၁၇၈၉၉]၊ ဒေါ်စဝ်ယိင်းယိင်းနန္ဒာမောင်[၁၃/တကန(နိုင်)၁၄၁၅၉၃] တို့က စာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့ပါသဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅) ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀ကံဘဲ့၊ မြေကွက်အမှတ်-၂၃/ဆ-၂A၊ ဧရိယာ(၀.၁၁၈)ဧက၊ မြေကွက်တည်နေရာ-အမှတ်(၃)၊ သံဃာ့တက္ကသိုလ်(၁)လမ်း၊ မြစပါယ်လမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဦးဇော်ဝိတ် [၁၃/တကန(နိုင်)၁၄၃၇၂၆]အမည်ပေါက် မြေပိုင်မြေ၊ လ/န-၃၉ ရပြီးမြေအား အမည်ပေါက်ခင်ပွန်းဖြစ်သူ ဦးဇော်ဝိတ်သည် ၂-၆-၂၀၂၁ ရက်နေ့တွင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်အေး [၁၂/သကတ(နိုင်)၁၆၀၄၂၆]မှ တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း၊ မိမိမှတစ်ပါး အခြားအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်အမွေဆက်ခံပိုင်ဆိုင်လာခဲ့ပါကြောင်း၊ မိမိသာလျှင် အမွေဆက်ခံခွင့်ရှိသူဇနီးဖြစ်ပါကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ်-၄/၁၀၇၂/၂၀၂၄(၂၉-၄-၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုစာရင်း၊ အမည်ပေါက်စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သီးသန့်အဆောင်ငှားမည်

ဗိုလ်တထောင် ဂမုန်းပွင့်အနီး
(မ) ၂ ဦး
ဖုန်း- ၀၁၈-၃၉၂၀၁၉

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဇာတာ(၂)ဖြတ်လမ်း၊ အမှတ်(၉၉၈)၊ မြေကွက်ပေါ်ရှိ (ဒုတိယ)ထပ် (၃)လွှာ အကျယ်အဝန်း အလျား(၁၁)ပေx အနံ (၅၅)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်ချိုချိုနိုင် [၁၂/ဥကမ(နိုင်)၂၀၈၉၁၀]ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ကန့်ကွက်လိုသူရှိပါက (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများ၊ အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝါဝါမွန်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၉၂၂)**
**အမှတ်(၁၂၄)၊ သုဇာတာ(၁၄)လမ်း၊ (၂)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်။ Ph:09-263630989, 09-785474591**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၆၊မြေကွက်အမှတ်-၃၈၇ မြေကွက်တည်နေရာအမှတ်(၃၈၇/ခ)၊အင်းဝ(၃)လမ်း၊(၆)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ဒေါ်အုန်းမြင့်(၁၂/ဥကတ(နိုင်)၀၅၂၃၃၆)၊အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက်-ဒေါ်အုန်းမြင့်ကိုယ်တိုင်မှမြေတိုင်းလျှောက်ထားလာရာမြေစာရင်းမှတ်ချက်(၁)ရှိ(၂၀၀၀)ခုနှစ်ကယူနီဗာဆယ်ဘဏ်တွင်ငွေချေးထားခြင်းနှင့်ပတ်သက်၍မြေပုံမြေရာဇဝင်မူရင်းအားထုတ်ယူခဲ့သည်မှာမှန်ကန်ပြီး၊ဘဏ်ချေးငွေအားကြွေးကျန်လုံးဝမရှိစေဘဲပြန်လည်ပေးဆပ်ပြီးကြောင်းထောက်ခံစာမူရင်းတို့မှာဘဏ်မှထုတ်ယူခဲ့ပြီးနောက်မိမိလက်ဝယ်သိမ်းဆည်းထားရာမှအထားအသိမှားယွင်းကာပျောက်ဆုံးသွားသည်မှာမှန်ကန်ကြောင်းအရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါကတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်းကျမ်းကျိန်လွှာအမှတ်-၁၃၀၆/၂၀၂၄(၂၆-၃-၂၀၂၄)၊ဂရန်၊နိုင်/ကတ်၊obj၊ဝန်ဆောင်ခတို့တင်ပြ၍မြေတိုင်းလျှောက်ထားလာမှုအပေါ်တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄) ရပ်ကွက်၊ ဦးလှဖေလမ်း၊ အမှတ် (၁၀၈၇)၊ ဒုတိယထပ်၊ (၃-လွှာ)၊ (မျက်နှာမူညာဘက်)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးမင်းကျော်သူ (ဘ) ဦးတင်ငြိမ်း [၇/သကန (နိုင်) ၀၈၃၃၂၀] ကိုင်ဆောင်သူသည် မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိုးမိုးလှိုင် [၅/တမန(နိုင်)၀၆၅၆၁၄] ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့်လာရောက် တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဒေါ်မိုးမိုးလှိုင်၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သန်းသန်းငြိမ်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၃၄၀၃/၈၅)**
**တိုက်(၁၄၁)၊ အခန်း(၁၀၁)၊ အောင်ချမ်းသာလမ်း၊ ဟံသာရိပ်မွန်အိမ်ရာ၊ (၅)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၁၆၇၈၂၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၅)၊ သီရိမာလာလမ်း၊ မြေကွက်အမှတ် (၁၂၁၈)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ဦးအေးသန်းအမည်ပေါက် ပါမစ်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (မြေကွက်အမှတ်-၁၂၁၇နှင့်ကပ်လျက်အခြမ်း) (မူရင်းခြမ်း)အကျယ်အဝန်း ၂၀ပေx၆၀ပေရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် တရားဝင်လက်ရောက်ပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ယခုရောင်းချသူ (၁)ဒေါ်မိမြိုင်[၉/ညဥန(နိုင်) ၂၂၇၉၁၅] (၂) ဒေါ်မင်းထက်ထက်လင်း [၁၂/လမန (နိုင်) ၁၃၃၁၄၁] ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ဆုမွန်အောင် [၉/မထလ (နိုင်) ၂၇၁၀၅၀] က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်မာသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယုနန္ဒာအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၃၅၁၀)**
**အမှတ် (၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉- ၄၂၅၈၂၅၁၂၉**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ၄၃-ရပ်ကွက်၊ ပညာတန်ဆောင်(၁)လမ်း၊ အမှတ်-၁၆၇ ဟုခေါ်တွင်သော မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃၊ မြေကွက်အမှတ်-၁၆၇၊ ဧရိယာ (၀.၀၅၅) ဧက၊ မြေအမျိုးအစား-နှစ် (၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဒေါ်ခင်နု (ISN-၄၅၆၀၉၃) အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်နှင့် အထူးကိုယ်စားလှယ်လွှဲစာအမှတ်- ၁၉၃၁၆/၂၀၂၃ (၁၁-၉-၂၀၂၃) ရရှိသူ ဦးအောင်ကျော်သက် [၁၄/ဟသတ(နိုင်)၂၄၅၉၅၄]က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးမျိုးမင်းဟိန်း** **ဦးသန်းဦး**
**အထက်တန်းရှေ့နေ (စဉ်-၅၆၁၃၉)** **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၇၅)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ရွှေပင်လုံအိမ်ရာအပိုင်း III)၊ ၂၇-ရပ်ကွက်၊ နီလာနှင်းဆီလမ်း၊ အမှတ်-၁၀၆/B3 ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၇/၅၊ လူနေရပ်ကွက်အမှတ်-ရွှေပင်လုံအိမ်ရာ Rose Park III၊ မြေကွက်အမှတ်-၅၈၊ ဧရိယာ (၀.၁၆၁) ဧက၊ မြေအမျိုးအစား- နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးမြင့်လွင်ဦး [၁၂/ဗဟန(နိုင်)၀၄၈၂၅၃] နှင့် ဒေါ်ခင်တိုးငြိမ်း [၁၂/ဗဟန(နိုင်)၀၄၈၅၇၄] တို့ ပူးတွဲအမည်ပေါက်လျက်ရှိပြီး ဇနီးဖြစ်သူ ဒေါ်ခင်တိုးငြိမ်း ကွယ်လွန်သဖြင့် မိမိတစ်ဦးတည်း အမွေဆက်ခံပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးမျိုးမင်းဟိန်း** **ဦးသန်းဦး**
**အထက်တန်းရှေ့နေ (စဉ်-၅၆၁၃၉)** **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၇၅)**
**အမှတ် (၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ကံမြင့်ကျေးရွာနေ မညိမ်းညိမ်းရွှေ၏ ဖခင်အမည်မှန်မှာ ဦးတင်ရွှေ(ခ) ဦးဖိုးထော် ဖြစ်ပါသည်။

**ဦးတင်ရွှေ(ခ)ဦးဖိုးထော်**
**[၇/ကဝန(နိုင်)၁၄၂၇၇၀]**

## ပတ်(စ်)ပို့ပျောက်

(ဘ) ဦးလှရင်၏ သမီး မအိမြတ်နိုးနိုင် [၁၂/ဒဂမ(နိုင်) ၀၃၉၀၉၈] ၏ ပတ်(စ်)ပို့ (နံပါတ်မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၇၀၃၁၄၉၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈)၊ ဘုရင့်နောင်လမ်း၊ ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာ(ဒုတိယအဆင့်)၊ တိုက်အမှတ်(AA-7)၊ တိုက်အခန်းအမှတ် (၂၀၃)၊ ပထမထပ်၊ အကျယ်အဝန်း(U-600)စတုရန်းပေရှိ ဒေါ်အေးအေးမြင့် [၁၂/ဥကတ(နိုင်)၁၄၀၀၇၆]အမည်ပေါက် ရေမီးစုံတိုက်ခန်း( ၁ )ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဦးခင်အောင် [၁၂/သဃက(နိုင်)၀၂၉၉၃၀]မှ ဥပဒေနှင့်အညီ တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းစံပယ်[၁၂/ဗဟန(နိုင်) ၀၉၄၀၇၆]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမောင်မောင်ချစ်(စလင်း) LL.B** **ဒေါ်မိုးယုနွယ်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)**
**Ph-09-954280932** **LL.B, D.B.L, D.I.L, D.M.L,**
**အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** **WIPO(Switzerland)**
**(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ Ph:09-420080932,09-983837110**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

